# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (2-10-2014) (၇၉၈၁)


အနုဝဇ္ဇာနိ ကမ္မာနိ
တေံမင်္ဂလ မုတ္တမံ
အပြစ်ကင်းသော အမှုတို့ကို ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း နော်ဝေနိုင်ငံ အငြိမ်းစားဝန်ကြီးချုပ်နှင့် အော်စလိုငြိမ်းချမ်းရေးစင်တာ၏ အဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

စာမျက်နှာ ›› ၃

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရခိုင်ပြည်နယ် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လုံလောက်သည့်အင်အားဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၁) ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အစီအစဉ်(၉)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က သဘောတူညီသည့် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၄)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၄) နှင့် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**တို့ကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် **လျှပ်စစ်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကိုလွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် **ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ ဘက်စုံမဟာဗျူဟာ စီမံကိန်း (လုပ်ငန်းစီမံချက်)**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်က ရခိုင်ပြည်နယ်



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လုံလောက်သည့်အင်အားဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝကနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ ဝန်ထမ်း(၃၆၀၀)ပါဝင်သော နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ပင်လယ်ပြင်လုံခြုံရေးအတွက် ရေကြောင်းရဲတပ်ဖွဲ့ကိုလည်းဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရဲနှင့် ပြည်သူအချိုး တစ်နိုင်ငံလုံးအတိုင်းအတာသည် ၁း ၉၀၀ ဖြစ်သော်လည်း ရခိုင်ပြည်နယ်တွင် ၁း ၅၀၀ ဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒေသတွင်း ယာယီနေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးအနေဖြင့် ဒုက္ခသည်များအတွက် တဲတန်းလျား (၂၈၁၂)လုံး၊ လုံးချင်းအိမ်ရာ(၁၃၄၂)လုံး ပြီးစီးအောင် တည်ဆောက်ခဲ့ပါကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ စုစုပေါင်း ကျပ်(၁၁၁၀ ဒသမ ၇၃)သန်းခွင့်ပြုခဲ့ပြီး ဝန်ကြီးဌာန(၈)ခုက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြစ်ကြောင်းများလုံခြုံရေးအတွက် တပ်မတော်(ရေ)မှ လိုအပ်သလို ကင်းလှည့်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရားမဝင်ခိုးဝင်လာသူများကို ကာကွယ်ရန်နှင့် ထိုခိုးဝင်လာသူများကို တုံ့ပြန်ရန်အတွက် ရေကြောင်းရဲတပ်ဖွဲ့ဝင်များကို လိုအပ်သည့် လက်နက်အပြည့်အစုံ တပ်ဆင်ပေးရန်၊ နတ်မြစ်နှင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဝင်ပေါက်/ ထွက်ပေါက်များကို ထိရောက်စွာ ထိန်းသိမ်းကြပ်မတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# မြစ်ရေတင်စီမံကိန်းများနှင့်ဆည်ရေတို့မှ မိုးစပါး အောင်ရေရရှိရေးဆောင်ရွက်



**မြန်အောင် အောက်တိုဘာ ၁**

မြန်အောင်မြို့နယ်တွင် စက်တင်ဘာလအတွင်း မိုးနည်းသည့်အတွက် မိုးစပါးအောင်ရေလိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးမြှင့်တင်ရေးအဖွဲ့က ရေရရှိရေးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီခွဲမှစ၍ ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ငပိဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့မှ ရေတင်၍ မိုးစပါးအောင်ရေလိုအပ်ချက် မရှိအောင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထို့ပြင် မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်ကို စက်များတပ်ဆင်၍ ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် မမြဆည်နှင့်ကွန်ချောင်းဆည်တို့မှ ဆည်ရေကို စက်တင်ဘာ ၂၄ ရက်မှစ၍ မြို့နယ်အတွင်းရှိ ဆည်ရေသောက်ဧရိယာများကို ရေရရှိအောင်ဆောင်ရွက်ထားရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက ပြောသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**





ဝါကျွတ်ချိန်တန် ကန်တော့ရန် လက်ဆောင်မွန်

ဂါရဝတရားကို ပြသဖို့ အကောင်းဆုံးလက်ဆောင်မွန်

ဝါလကင်းလွတ် သီတင်းကျွတ်ချိန်ခါမှာ မိဘ၊ ဘိုးဘွား၊ ဆရာသမားများကို လက်အုပ်ချီမိုး၊
မြတ်သောလှူဖွယ်အမျိုးမျိုးနဲ့ ဂါရဝပြု၍ တတ်စွမ်းသမျှ ကုသိုလ်ယူကြတာဟာ ကြည်နူးဖွယ်ကောင်းလှတဲ့ မြန်မာတို့ရဲ့ချစ်စရာဓလေ့ပါ။
လှူဖွယ်ပစ္စည်းများထဲမှာ ဆေးဝါးအလှူဟာ ရှင်သန်ခြင်းကို ဒါနပြုတဲ့ ဇီဝိတဒါနဖြစ်လို့ အမြတ်ဆုံးလှူဖွယ် ဝတ္ထုဖြစ်ပါတယ်။

အမြင့်မားဆုံး ဂါရဝတရားကို အကောင်းဆုံးပြသနိုင်ဖို့ အမြတ်ဆုံးလှူဖွယ်ပစ္စည်း

Oramin-G

ခန္ဓာသန်စွမ်း စိတ်ရွှင်လန်းဖို့ "အော်ရာမင်-ဂျီ" ကိုသောက်ကြပါစို့

## အတွေးအမြင်

**ကြေးမုံစာတည်းရှုထောင့် ၂-၁၀-၂၀၁၄၊ ကြာသပတေးနေ့**

# လူမှုဖူလုံရေးစီမံကိန်းသစ်

လူမှုဖူလုံရေးလုပ်ငန်းသည် အလုပ်သမားများ၏ ကျန်းမာရေးနှင့်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးသော လုပ်ငန်းဖြစ်သည်။ အများအားဖြင့် အလုပ်ရှင်နှင့် အလုပ်သမား လူမှုဖူလုံရေးထည့်ဝင်ကြေး ပေးသွင်းထားသော အလုပ်သမားများ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှု လုပ်ငန်းဟု နားလည်ထားကြသည်။

တစ်ချိန်သောကာလက ရန်ကုန်မြို့ရှိ အလုပ်သမားဆေးရုံကြီးနှင့် မြို့နယ်အသီးသီးရှိ လူမှုဖူလုံရေးဆေးပေးခန်းများတွင် လူမှုဖူလုံရေးအဖွဲ့ဝင်ထားသောအလုပ်သမားများက ၎င်းတို့၏ကျန်းမာရေးနှင့် အကျိုးခံစားခွင့်များအတွက် ထိုဆေးရုံနှင့် ဆေးခန်းများသို့သွားရောက်ကာ ဆေးကုသမှုခံယူခဲ့ကြရသည်။

မျက်မှောက်ကာလတွင် ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်က လူမှုဖူလုံရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးထားပြီး ထိုဥပဒေအရ အာမခံစနစ်များ၊ သတ်မှတ်ကောက်ခံမည့် ထည့်ဝင်ကြေးနှုန်းထားများ၊ အကျိုးခံစားခွင့်များကို စတင်အကောင်အထည်ဖော် ကျင့်သုံးနေပြီဖြစ်သည်။ အာမခံစနစ်များတွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်နှင့် အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့်အာမခံစနစ်တို့ ပါဝင်သည်ကို တွေ့ရသည်။

ထို့ပြင်သာမက လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် အလုပ်သမားများအနေဖြင့် အဖွဲ့ဝင်ဖြစ်လာမှုနှင့်အတူ အကျိုးခံစားခွင့်များလည်း တိုးတက်ရရှိလာသည်။ ဆေးကုသမှု၊ ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးရခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားမှုနှင့် နာရေးခံစားမှု စသည့် အကျိုးခံစားခွင့်များ ရရှိလာသည်။

မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်၊ မီးဖွားမှုငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊ တစ်နှစ်အောက်ကလေး မွေးစားမှုအတွက် အကျိုးခံစားခွင့်၊ ဖခင်ဘဝဖြစ်မှုအကျိုးခံစားခွင့်နှင့် မွေးကင်းစကလေးဆေးကုသမှုစရိတ် စသည့် အကျိုးခံစားခွင့်တို့လည်း ရရှိမည်ဖြစ်သည်။ ထို့အပြင် ပညာသင်စရိတ်နှင့် သဘာဝဘေးအန္တရာယ်ထောက်ပံ့မှု ခံစားခွင့်များ ရရှိမည်ဖြစ်ပြီး ထည့်ဝင်ကြေး ၁၅ နှစ်ရှိသော အငြိမ်းစားများ ဆေးကုသမှုဆက်လက်ခံယူခွင့်ရရှိမည်ဖြစ်သောကြောင့် လူမှုဖူလုံရေးဥပဒေသစ်သည် အကျိုးခံစားခွင့်များလှသည်ကို တွေ့ရသည်။

ထိုသို့အကျိုးများသော လူမှုဖူလုံရေးလုပ်ငန်းကြီးတွင် အစိုးရဝန်ထမ်းများ၊ အလုပ်သမားများသာမက ပုဂ္ဂလိက ဝန်ထမ်းများ၊ ပြင်ပအဖွဲ့အစည်းနှင့် လုပ်ငန်းများမှ အလုပ်ရှင်နှင့် အလုပ်သမားများသည်လည်း အာမခံကြေး ထည့်ဝင်နိုင်ပြီး အထက်ဖော်ပြပါ အကျိုးခံစားခွင့်များကို အစိုးရဝန်ထမ်းများနည်းတူ ရရှိခံစားရမည်ဖြစ်သောကြောင့် အလုပ်သမားများအတွက် အာမခံချက် ကောင်းလှပေသည်။

အမှန်တကယ်တွင် လူမှုဖူလုံရေးစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအကျဆုံးသော အလုပ်သမားများဘဝ အာမခံချက်ရရှိရေးကို ဆောင်ရွက်ပေးနေသည့်စီမံကိန်းဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံအားလုံးတွင် နိုင်ငံအလိုက် စွမ်းအားရှိသလောက် လူမှုဖူလုံရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေကြောင်း နိုင်ငံတကာလူမှုဖူလုံရေးအဖွဲ့ (ISSA) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူမှုဖူလုံရေးစီမံကိန်းသည် အလုပ်သမားများ၏ အကျိုးစီးပွားအတွက်သာမက အလုပ်ရှင်နှင့် အလုပ်သမားမိသားစုများအပါအဝင် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ရည်မှန်းဖော်ဆောင်ထားသော စီမံကိန်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုနိုင်သည့် လူမှုဖူလုံရေးစီမံကိန်းများကို အောင်မြင်သည်ထက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် အထူးလိုအပ်နေပြီဖြစ်သည်။ ။

# ၂၀၁၃ ခုနှစ်အတွက် အကယ်ဒမီတန်းဝင် ဇာတ်ကားခြောက်ကား စိစစ်ရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၁၃ ခုနှစ် အကယ်ဒမီဆုပေးပွဲကို ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့ မြေနီကုန်းရှိ မြန်မာအီးဗန့်ပတ်ခ်၌ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

အကယ်ဒမီဆုရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ အကယ်ဒမီရွေးချယ်ရေး ဘုတ်အဖွဲ့ အတွင်းရေးမှူး ဦးအေးကြူလေးက "၂၀၁၃ ခုနှစ်အတွက် ရုပ်ရှင်ကား ၁၅ ကားရုံတင်ပြသခဲ့တယ်။ အကယ်ဒမီတန်းဝင် ရုပ်ရှင်ကား ခြောက်ကားဖြစ်တယ်။ အကယ်ဒမီအတွက် ပထမအဆင့်အနေနဲ့ဘုတ်အဖွဲ့က ၁၅ ကား စိစစ်ပြီး အကယ်ဒမီတန်းဝင် ခြောက်ကားမှာ ဘယ်မင်းသား၊ ဘယ်မင်းသမီး ရသင့်တယ်ဆိုတာ ချိပ်ပိတ်ထားတယ်။ အကယ်ဒမီရွေးချယ်ရေးဘုတ်အဖွဲ့အနေနဲ့လည်း ပထမအဆင့်မှာ ၁၇ ဦး၊ ဒုတိယအဆင့်မှာ ၂၂ ဦး၊ ရုပ်ရှင်အလွှာမျိုးစုံက ရုပ်ရှင်ပညာရှင်တွေ၊ ဝါရင့်ပညာရှင်တွေ ဘုတ်အဖွဲ့ထဲမှာပါတယ်။ ဒုတိယအဆင့်ဘုတ်အဖွဲ့အနေနဲ့ ဒီနှစ် အကယ်ဒမီ တန်းဝင်ခြောက်ကားရွေးထုတ်လိုက်တယ်။

အဲဒီခြောက်ကားထဲက ဘယ်ကားမှာ ဘာကြောင့်ရွေးတယ်ဆိုတာကို အကြောင်းပြချက်ပါ ဘုတ်အဖွဲ့က တင်ပြရတယ်။ ပြီးတော့ အကယ်ဒမီနီးတဲ့အခါမှာ ရွေးချယ်ရေးဘုတ်အဖွဲ့ဝင် အားလုံးစုံမှ အိတ်ကိုဖွင့်ကြတယ်။ အဆင့်နှစ်ဆင့်နဲ့ ဆုံးဖြတ်ကြတယ်။ ဒီနှစ်ရုပ်ရှင်ကား ၁၅ကားထဲမှာ ပါဝင်သရုပ်ဆောင်သူတွေကို ဘုတ်အဖွဲ့ထဲမှာ ပါဝင်ခွင့်မရှိဘူး။ ဒီနှစ် အကယ်ဒမီဆုပေးပွဲကို ဒီဇင်ဘာ ၂၇ ရက် မြေနီကုန်းက မြန်မာအီးဗန့်ပတ်ခ်မှာ ကျင်းပမယ်လို့ လျာထားတယ်။

အဲဒီနေရာမှာကျင်းပတာက အနုပညာသမားတွေအတွက် ပိုပြီးအဆင်ပြေပါတယ်။ အကယ်ဒမီပွဲကျင်းပမယ်ဆိုရင် အခမ်းအနားအသုံးအဆောင်ပစ္စည်း၊ စင်မြင့်တွေ အကုန်ရှိတယ်။ အဲဒါကြောင့် ပိုအဆင်ပြေတယ်။ ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့လည်း အကယ်ဒမီဘုတ်အဖွဲ့ထဲ မပါပေမယ့် အများကြီးကူညီပေးပါတယ်။ မြန်မာရုပ်ရှင်မြှင့်တင်ရေး အနေနဲ့လည်း အကယ်ဒမီရုပ်ရှင်ကားတွေ ဘုတ်အဖွဲ့စိစစ်ရန်အတွက်စီစဉ် ပေးတယ်။ အကယ်ဒမီတန်းဝင် ရုပ်ရှင်ကားတစ်ကားကို ၃-၄-၅ ခါလောက် ပြန်ကြည့်တာကိုလည်း အစစအရာရာ ကူညီပေးတယ်။ အကယ်ဒမီရွှေစင်ရုပ်တုကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြုလုပ်ပေးတယ်။ အခုအားလုံးပြီးသွားပြီ။ အကယ်ဒမီရုပ်ရှင်ကားတွေကို ရန်ကုန်မှာမပြပေမယ့် နယ်ရုံတွေမှာပြသပြီးရင် အကယ်ဒမီစာရင်းဝင်တယ်။ ရန်ကုန်မှာမပြသရတာက သမ္မတရုပ်ရှင်ရုံမှာ ပြသဖို့အတွက် တန်းစီနေရတယ်။ ကိုယ်ရိုက်ပြီးပေမယ့် ပြသလို့မရသေးဘူး။ သမ္မတရုံမှာ အများဆုံး ၃-၄ ပတ်ရတယ်။ ဒါကြောင့် တစ်နှစ်ကို ရုပ်ရှင်ကား ၁၅ ကားလောက်ပဲ ပြသခွင့်ရတယ်။ နောက်ပိုင်း ရုံတွေများလာရင် ပိုကောင်းတာပေါ့"ဟုပြောသည်။

၂၀၁၃ ခုနှစ်အတွက် ရွေးချယ်ထားသည့် အကယ်ဒမီတန်းဝင်ဇာတ်ကားခြောက်ကားမှာ "စေတန်ရဲ့ ကချေသည်"၊ "နင်စေရင်"၊ "ကိုယ့်အထာနှင့်ကိုယ်"၊ "အဖြူရောင်ရဲတိုက်"၊ "စုန်းပြူး" နှင့် "ကြယ်စင်မော်ကွန်း"ရုပ်ရှင်ကားများဖြစ်ကြောင်း သိရသည်။

**(ရီရီသန့်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှုန်း

**ရန်ကုန် အောက်တိုဘာ ၁**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၈၅၀၀ | -၆၄၉၅၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၈၃၀၀ | -၆၄၉၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၄၀ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ကျပ် |

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအထိမ်းအမှတ်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမြင့်ကြည်၊ ဒုခရိုင် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ၊ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား ၈၅ ဦးခန့် တက်ရောက်ခဲ့ကြပြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး အေးမြင့်ကြည်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် စွမ်းစွမ်းတမံမှုခင်းဖော်ထုတ်နိုင်ခဲ့သော တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်း၊ နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရရှိသော မိသားစုဝင်များအား ဆုချီးမြှင့်ခြင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်သူ ရပ်မိရပ်ဖများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**






## ပြည်တွင်းရေးရာ

❒ ရှေ့မှ

လုံခြုံရေးအတွက် ပဋိပက္ခဖြစ်ပွားနိုင်သည့် နေရာ၊ ဒေသအလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုံခြုံရေးအင်အားကို သင့်လျော်အင်အား၊ လက်နက်ကိရိယာတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊ လူအုပ်စုဖွဲ့ ရမ်းကားခြင်းနှင့်ပဋိပက္ခဖန်တီးမှုများအတွက်ပိုမိုထိရောက်သော ပဋိပက္ခနှိမ်နင်းရေး အစီအမံများ လေ့ကျင့်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စစ်တွေမြို့နယ်အတွင်းရှိ ဒုက္ခသည်များအတွက် ပြန်လည်နေရာချထားပေးရန်၊ ပေါက်တော၊ မြေပုံ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ ရသေ့တောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မောင်တောမြို့နယ်များအတွင်းရှိ ဒုက္ခသည်များအတွက် နေရာချထားရန်နှင့် အဆောက်အအုံများ တည်ဆောက်ပေးရန်၊ ချထားသောနေရာအသစ်များတွင် ချက်ပြုတ်ရေးအတွက် လောင်စာများ ရရှိရေးဆောင်ရွက်ပေးရန်၊ ပြန်လည်နေရာချထားပေးသောနေရာများတွင် သယ်ယူပို့ဆောင်ရေးကောင်းမွန်အောင်ဆောင်ရွက်ရန်၊ တယ်လီဖုန်းဆက်သွယ်ရေးများ အဆင်ပြေအောင် တိုးမြှင့်ဆောင်ရွက်ပေးရန်၊ ပြန်လည်နေရာချထားပေးသောစခန်းများတွင် လူဦးရေစာရင်းစစ်ဆေးရန်၊ အသက်မွေးမှုဆိုင်ရာလုပ်ငန်းများ ထောက်ပံ့မှုများတိုးမြှင့်ပေးရန်၊ နေရပ်စွန့်ခွာလူ့အဖွဲ့အစည်းများ၏ နေရာချထားမှုလုပ်ငန်းများအား ရေရှည်အစီအစဉ်များ ရေးဆွဲကာ ဆောင်ရွက်ပေးရန်၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ INGOs နှင့် NGO အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ ပြန်လည် နေရာချထားပြီးပါက IDP အရေအတွက်အား လျှော့ချရန်၊ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့ပါဝင်ပါကြောင်း။

ပြန်လည်နေရာချထားနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို နှစ်ဖက်အဖွဲ့အစည်းများသို့ ချပြဆွေးနွေးခြင်း၊ စာရင်းကောက်ယူခြင်း၊ မြေပြင်ကွင်းဆင်းခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

အလားတူ အခြေခံအဆောက်အအုံတည်ဆောက်ခြင်းကဏ္ဍတွင် ရေ၊ မီး၊ မိလ္လာပါဝင်သည့် နေအိမ်များ၊ ဆက်သွယ်ရေးလမ်းများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများနှင့် ဈေးဆိုင်ခန်းများ စသည့်လုပ်ငန်းများကို ၂၀၁၄ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် မတ်လအထိ အချိန်ယူ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နှစ်ဖက်အဖွဲ့အစည်းရှိဒုက္ခသည်များ၊ ဒေသခံပြည်သူလူထုများ၏ သဘောတူညီချက်နှင့်အညီ အထက်ပါလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒုက္ခသည်များ သတ်မှတ်နေရာများသို့ရွှေ့ပြောင်းနိုင်ရေး အတွက် အစုအဖွဲ့များစုဖွဲ့ခြင်း၊ လိုအပ်ချက်များ စုဆောင်းခြင်းနှင့် လုံခြုံရေး အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် မတ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါဒုက္ခသည်များအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ၊ လတ်တလောစားဝတ်နေရေး၊လုပ်ငန်းသုံးပစ္စည်းများထောက်ပံ့ခြင်း လုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒေသတွင်းဆက်သွယ်ရေးလမ်းများ ပြုပြင်မွမ်းမံဖောက်လုပ်ပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖော်ထုတ်ပေးခြင်း၊ စက်မှုဇုန်များတည်ထောင်ပေးခြင်း၊ ယဉ်ကျေးမှုဇုန်နှင့် ဟိုတယ်ဇုန်များ ထူထောင်ပေးခြင်းလုပ်ငန်းရပ်များကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံမဟာဗျူဟာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် ဖြည့်စွက် အကြံပြု ဆွေးနွေးတင်ပြကြသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘက်စုံမဟာဗျူဟာ စီမံကိန်း (လုပ်ငန်းစီမံချက်) အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ ရှင်းလင်းတင်ပြမှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နော်ဝေ အငြိမ်းစားဝန်ကြီးချုပ်နှင့် အော်စလိုငြိမ်းချမ်းရေးစင်တာ၏ အဖွဲ့ခေါင်းဆောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နော်ဝေနိုင်ငံ အငြိမ်းစားဝန်ကြီးချုပ်နှင့် အော်စလိုငြိမ်းချမ်းရေးစင်တာ၏အဖွဲ့ခေါင်းဆောင် Mr.Kjell Magne Bondevik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်တွဲဖက်အတွင်းရေးမှူး ဦးကျော်မြင့်အောင် ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ ပါတီဝင် ၉၆ ဦးနှင့် ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးချန်ဂျောင်ဆားရ် ခေါင်းဆောင်သည့် မြို့နယ်ပါတီ ကော်မတီဝင်များနှင့် ပါတီဝင် ၈၂ ဦး စုစုပေါင်း ၁၇၈ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက် မြောက်နေ့ ကျင်းပနေမှုကို လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်အတွက်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက်အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်ပြီး ပြည်ပနိုင်ငံများသို့ နိုင်ငံခြားပညာတော်သင်အဖြစ် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ယခင်ကထက် စနစ်တကျရွေးချယ်စေလွှတ်နိုင်ရန်အလို့ငှာ နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၇-၅-၂၀၁၁ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၁)ဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၂။ အဆိုပါကော်မတီအနေဖြင့် ပညာသင်ဆုများကို ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ စနစ်တကျခွဲဝေပေးခြင်း၊ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးတို့၏ အဆိုပြုချက်များကို စိစစ်ခြင်းများဆောင်ရွက်ပြီး နိုင်ငံခြားပညာတော်သင်များစေလွှတ်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၇၆ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၃၂၄ ဦး စုစုပေါင်းပညာသင် ၄၀၀ ကို ပြည်ပနိုင်ငံ ၂၇ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ စက်တင်ဘာလအတွင်း ပညာသင်ဦးရေ အများဆုံးစေလွှတ်ခဲ့သည့် နိုင်ငံများမှာ ဂျပန်နိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ဖြစ်ပါသည်။

၃။ နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ စတင်ဖွဲ့စည်းချိန်မှစ၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလကုန်အထိ ပါရဂူဘွဲ့၊ မဟာသိပ္ပံ/ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၉၁၅ ဦးနှင့် ဘွဲ့မယူသော သင်တန်း (Training)သို့ ပညာသင် ၆၉၇၀ ဦး စုစုပေါင်းပညာသင် ၇၈၈၅ ဦးကို ပြည်ပနိုင်ငံ (၅၅)နိုင်ငံသို့ ပညာသင်ယူဆည်းပူးနိုင်ရေးစီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ကျောက်ဆည်ဆင်လှူပွဲတော်သို့ ရွှေမန်းသူအထူးယာဉ်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၁**

နှစ်စဉ်ကျင်းပလျက်ရှိသော ကျောက်ဆည်ခရိုင်လေးမြို့နယ် (စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ ကျောက်ဆည်)မှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၆ ရက်တွင်လည်းကောင်း၊ ကျောက်ဆည်ဆင်လှူပွဲတော်အား အောက်တိုဘာ ၇ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်မည့် ရန်ကုန်မှ လိုက်ပါမည့်သူများအား အောက်တိုဘာ ၅ ရက် နံနက် ၇ နာရီတွင် တောင်ဥက္ကလာ ပါရမီလမ်း ရွှေမန်းသူကားဝင်းမှ အထူးယာဉ်ပြေးဆွဲမည်ဖြစ်၍ ဖုန်း- ၀၁-၅၆၁၉၂၇ နှင့် ၀၁-၅၆၃၃၀၃ တို့သို့ ဆက်သွယ်စာရင်းပေးပို့ရန်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**


သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal . မြို့မ၊ ဝင်းလိုက်(မန္တလေး)
၃ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ



နေပြည်တော်(၁) ၊ မင်္ဂလာ(၂)ဒဂုံစင်တာ မင်္ဂလာစံပြ၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း
၃ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




ရွှေဆောင်(၁)၊ မင်္ဂလာစံပြ မန္တလေး-မင်္ဂလာဒိုင်းမွန်း၊ မြို့မ
၂၆ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၂)
၂၆ . ၉ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၃)၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၉ . ၉ . ၂၀၁၄ ရက်မှ စတင်ပြပြီ




ရွှေဆောင်(၂)




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(စိန်ဂေဟာ-ပဲခူး) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၀၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၄၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၀၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ |

ပွဲချိန်သတ်မှတ်ပြ
၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ
Mingalar Cinemas facebook

# ဆန္ဒပြမှုများဖြစ်ပွားနေသည့် ဟောင်ကောင်တွင် တစ်နိုင်ငံစနစ်နှစ်ခု မူဝါဒကျင့်သုံးရန်လို

ဟောင်ကောင် အောက်တိုဘာ ၁

**ဟောင်ကောင်တွင် ဒီမိုကရေစီလိုလားသည့် ဆန္ဒပြသူများက ယနေ့ကျင်းပသော (၆၅)နှစ်မြောက် တရုတ်အမျိုးသားနေ့အခမ်းအနားတွင် ဆန္ဒပြတောင်းဆိုမှုများ နေရာအနှံ့အပြား၌ ပိုမိုများပြားလာခဲ့ပြီး ဟောင်ကောင်၏ အဓိကကျသည့် လမ်းဆုံလေးနေရာတွင် နေရာယူဆန္ဒ ထုတ်ဖော်လျက်ရှိကြသည်။**

ဟောင်ကောင်တွင် လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဒီမိုကရေစီတောင်းဆိုဆန္ဒပြသူများအား ရဲတပ်ဖွဲ့က လူစုခွဲရန် ကြိုးစားခဲ့သည်။ အစောပိုင်းတွင် အစိုးရရုံးများရှိသည့် မြို့နယ်များ၏ လမ်းများကို ပိတ်ဆို့ထားသည့် ဆန္ဒပြ လူအုပ်ကို ရဲတပ်ဖွဲ့ဝင်များက လူစုခွဲရန် ကြိုးစားခဲ့သဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ရသည်။ ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးများ အသုံးပြုလူစုခွဲခြင်းမှာ ဟောင်ကောင်တွင် ၂၀၀၅ ခုနှစ်နောက်ပိုင်း ပထမဦးဆုံး အကြိမ်ဖြစ်သည်။ ဟောင်ကောင်ကို ဗြိတိသျှက တရုတ်နိုင်ငံသို့ လွှဲပေးခဲ့သည့် ၁၉၉၇ ခုနှစ် နောက်ပိုင်း အဆိုးရွားဆုံး မငြိမ်မသက်မှုလည်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက ရော်ဘာကျည်များကို အသုံးပြုလာနိုင်သဖြင့် ကျောင်းသားများ၊ ဆန္ဒပြခေါင်းဆောင်များက သတိပေးနေသော်လည်း ထောင်သောင်းချီသည့် ဆန္ဒပြသူများက အစိုးရအဆောက်အအုံအနီးအနားများတွင် ဆက်လက်ရှိနေသည်။

ဟောင်ကောင်အုပ်ချုပ်ရေးမှူးအနေဖြင့် ကြာသပတေးနေ့တွင် ရာထူးမှ နုတ်ထွက်မပေးလျှင် အစိုးရအဆောက်အအုံများကို သိမ်းပိုက်သွားမည်ဖြစ်ကြောင်း ဆန္ဒပြခေါင်းဆောင်တစ်ဦးက ပြောသည်။ ဟောင်ကောင်တွင် ယနေ့ ကျင်းပသည့် တရုတ်အမျိုးသားနေ့ အခမ်းအနားကျင်းပနေစဉ်မှာပင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများနှင့်အတူ ဆန္ဒပြမှုမှာလည်း ခြောက်ရက်မြောက်နေ့သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ဟောင်ကောင်သည် ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားရန် "တစ်နိုင်ငံ စနစ်နှစ်မျိုး" မူဝါဒကို ကျင့်သုံးဖို့လိုအပ်ကြောင်း ယနေ့ကျရောက်သော (၆၅) နှစ်မြောက် တရုတ်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူး C Y Leung က ပြောကြားခဲ့သည်။

"နိုင်ငံတစ်နိုင်ငံ"ဆိုသည်မှာ ဟောင်ကောင်တွင် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော ခိုင်မာသည့် ထောက်ပံ့မှုများရှိကြောင်းနှင့် ပြည်မကြီးဈေးကွက်သည် ဟောင်ကောင်၏အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမှုကြောင့် ကြီးမားလာရခြင်းဖြစ်ကြောင်း၊ "စနစ်နှစ်ခု"ဆိုသည်မှာ ဟောင်ကောင်၏အုပ်ချုပ်ရေးစနစ်နှင့် ဘဏ္ဍာရေးစနစ်တို့သည် ပြည်မကြီး၏ စနစ်များနှင့် ခြားနားမှုရှိခြင်းကို ဆိုလိုခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

"နိုင်ငံတစ်နိုင်ငံ စနစ်နှစ်ခု"မူဝါဒသည် တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့၏ ယဉ်ကျေးမှု၊ အနုပညာ၊ ပညာရေးနှင့် သိပ္ပံဆိုင်ရာ သုတေသနပြုမှုနယ်ပယ်များတွင် ပေါင်းစည်းလုပ်ကိုင်ရန်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆန္ဒပြမှုနှင့်ပတ်သက်၍ တရုတ်အစိုးရက ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများမပြုလုပ် ကြရန် သတိပေးထားခဲ့သည်။ ဟောင်ကောင်တွင်ဖြစ်ပွားနေသည့် အခြေအနေနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက အနီးကပ်စောင့်ကြည့်လေ့လာလျက်ရှိပြီး လွတ်လပ်စွာစုဝေးခွင့်နှင့် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို ထောက်ခံကြောင်း အမေရိကန်သမ္မတအိမ်ဖြူတော်က ပြောကြားသည်။

**ဆင်ဟွာ။**

# ဆိုင်ဘာမှုခင်းတိုက်ဖျက်ရေးဌာန စင်ကာပူ၌ အင်တာပိုလ် ဖွင့်မည်




**စင်ကာပူ၌ ဖွင့်လှစ်မည့် ဆိုင်ဘာမှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အင်တာပိုလ်ရုံး အဆောက်အအုံသစ်ကို တွေ့ရစဉ်။**

**စင်ကာပူ အောက်တိုဘာ ၁**

ကွန်ပျူတာ ကွန်ရက်ဆိုင်ရာ ရာဇဝတ်မှုခင်း (ဆိုင်ဘာမှုခင်း)တိုက်ဖျက်ရေးလုပ်ငန်းအတွက်အထောက်အကူပြုစေနိုင်ရန် နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)၏ ဌာနရုံးအဆောက်အအုံသစ်ကို စင်ကာပူနိုင်ငံက လွှဲပြောင်းပေးအပ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်တာပိုလ် ရာဇဝတ်မှုခင်း ဖော်ထုတ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန (အိုင်ဂျီစီအိုင်)သည် ဆိုင်ဘာ ရာဇဝတ်မှုခင်းများကို တိုက်ဖျက်နိုင်ရန် ရည်ရွယ်ကြောင်း အင်တာပိုလ် အတွင်းရေးမှူးချုပ် ရော်နယ်လ်နိုဘဲလ်က စင်ကာပူနိုင်ငံ၌ ပြုလုပ်သော အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ရေး အခမ်းအနားတွင် ပြောကြားသည်။ အဆိုပါအဆောက်အအုံ၌ အိုင်ဂျီစီအိုင်ဌာန အခြေစိုက်မည်ဖြစ်သည်။

ပြင်သစ်နိုင်ငံ လီယွန်မြို့၌ အင်တာပိုလ်ဌာနချုပ်ရုံးကို ဖွင့်လှစ်ထားသည်။ အင်တာပိုလ်အဖွဲ့သည် တရားဥပဒေ စိုးမိုးရေးဆိုင်ရာ အထင်ကရ အဖွဲ့အစည်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ ပါဝင်သည်။

အင်တာပိုလ်အဖွဲ့ဝင်နိုင်ငံများရှိ ရဲတပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးရာတွင် အိုင်ဂျီစီအိုင်ဌာနသည် အရေးပါကြောင်း၊ ဒီဂျစ်တယ် ရာဇဝတ်မှုခင်းများကို အာရုံစိုက်မည့် ယင်းဌာနသည် အဆင့်မြင့် နည်းစနစ်များနှင့် ကိရိယာများကို အဖွဲ့ဝင်နိုင်ငံများသို့ ထောက်ပံ့ပေးမည်ဖြစ်ပြီး တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများအတွက် အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး အက်စ်အစ္စဝါရန်က ပြောကြားသည်။ **ပီတီအိုင်။**

## ပါကစ္စတန် ခိုင်ဘာပြည်နယ်၌ ရှေးဟောင်းသုတေသန နေရာများကို မှတ်တမ်းတင်

**ကရာချိ အောက်တိုဘာ ၁**

ပါကစ္စတန်နိုင်ငံ ခိုင်ဘာ ပက်တွန်းခါဝါ ပြည်နယ်၌ အစိုးရက မှတ်တမ်းတင်ရခြင်း မရှိသေးသော ရှေးဟောင်းသုတေသန နေရာများကို လေ့လာမှတ်တမ်းတင်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် ပြတိုက်ဌာနက ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၁ရက်တွင် သတင်းထုတ်ပြန်သည်။

ရှေးဟောင်း သုတေသနပညာရှင်များသည် မှတ်တမ်းတင်ရခြင်းမရှိသေးသောနေရာများကို စနစ်တကျမှတ်တမ်းတင်ကာ ထိန်းသိမ်းစောင့်ရှောက်သွားရန် ရည်ရွယ်ကြောင်း ရှေးဟောင်းသုတေသနနှင့် ပြတိုက်များဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အဗ္ဗဒူလ်ဆာမက်က ပြောကြားသည်။ ၎င်းသည်ခိုင်ဘာပြည်နယ် တစ်ဝန်း၌ တစ်နံတစ်လျား ပျံ့နှံ့ တည်ရှိနေသော ရှေးဟောင်းသုတေသနဆိုင်ရာနေရာများကို မှတ်တမ်းတင်နိုင်ရန် ကြိုးပမ်းနေသော ရှေးဟောင်းသုတေသီဖြစ်သည်။ **ပီတီအိုင်။**

## တူရကီနယ်စပ်အနီး ကာ့ဒ်မြို့အား ဝိုင်းထားသော အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းမှတိုက်ခိုက်

အစ္စတန်ဘူ အောက်တိုဘာ ၁

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့သည် ဆီးရီးယားနှင့် တူရကီနယ်စပ်အနီးရှိ ကာ့ဒ်တို့၏ မြို့ကို ဝန်းရံထားသော အစ္စလာမ္မစ်နိုင်ငံ (အိုင်အက်စ်)တိုက်ခိုက်ရေးသမားများကို လေကြောင်းမှ တိုက်ခိုက်ကြောင်း ကာ့ဒ်သတင်းအရင်းအမြစ်နှင့် လေ့လာစောင့်ကြည့်ရေးအဖွဲ့များက ယနေ့ပြောကြားသည်။

ဖျက်ဆီး

ရှားရှားပါးပါး နေ့ခင်းအချိန် တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ တူရကီနိုင်ငံနယ်မြေဘက်မှ ရိုက်တာသတင်းထောက်က ခေါင်းပေါ်၌ ဂျက်လေယာဉ်များ ပျံသန်းနေသော အသံများကို ကြားရကြောင်း၊ မြို့၏ အရှေ့မြောက်ဘက်မှ မီးခိုးလုံးများသည် ကောင်းကင်သို့ ထိုးတက်လာသည်ကို မြင်တွေ့ရကြောင်း ပြောသည်။

ကိုဘာနီမြို့၏ အရှေ့မြောက်ဘက် ၃ မိုင် သို့မဟုတ် ၄ မိုင်ခန့်ဝေးသော ကျေးရွာတစ်ရွာကို အမေရိကန်ဂျက်လေယာဉ်များက တိုက်ခိုက်ကြောင်း၊ အိုင်အက်စ် တင့်ကားတစ်စီးကို ဖျက်ဆီးလိုက်ခြင်းအား ကြားရကြောင်း ကိုဘာနီမြို့မှ ကာ့ဒ်အုပ်စု ဝင်တစ်ဦးက ရိုက်တာသို့ ဖုန်းဆက်ပြောခဲ့သည်။

ငါးကြိမ်

ကိုဘာနီမြို့ကို ကာကွယ်လျက်ရှိသော ကာ့ဒ်တပ်ဖွဲ့မှ တပ်မှူးတစ်ဦးဖြစ်သည့် အာမက် အဲလ်-ရိုတ်က တိုက်ခိုက်မှု ငါးကြိမ်ရှိခဲ့ကြောင်း၊ အောင်မြင်မှု ရှိမရှိကိုမူ မသိကြောင်း၊ ခေါင်းပေါ်၌ ဂျက်လေယာဉ်များ ပျံဝဲနေသံကို ကြားရကြောင်း ပြောကြားခဲ့သည်။

လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အိုင်အက်စ် တိုက်ခိုက်ရေးသမားများ သေဆုံးသည်ကို တွေ့မြင်ရသည်ဟု စစ်မြေပြင်မှ ကာ့ဒ်သတင်းအရင်းအမြစ်များက ပြောကြောင်း ဆီးရီးယား လူ့အခွင့်အရေးလေ့လာရေးအဖွဲ့ အကြီးအကဲက ပြောသည်။

ရိုက်တာ။

# သက်ကြီးရွယ်အိုများ နေထိုင်ရန် အကောင်းဆုံးနိုင်ငံသည် နော်ဝေဟုဆို

**နယူးယောက် အောက်တိုဘာ ၁**

နိုင်ငံပေါင်း ၉၆ နိုင်ငံ၏ ဘဝနေဝင်ချိန် နေထိုင်မှုအဆင့်အတန်း အညွှန်းကိန်းတစ်ခုအရ နော်ဝေနိုင်ငံသည် သက်ကြီးရွယ်အိုများအတွက် နေထိုင်ရန် အကောင်းဆုံးနေရာဖြစ်သည်ဟု ယမန်နေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လူအိုများ ကူညီရေးနိုင်ငံတကာအဖွဲ့၏ ကမ္ဘာ့သက်ကြီးများစောင့်ကြည့် အညွှန်းကိန်းသည် အသက် ၆၀ ကျော်လူအိုများ၏ လူမှုရေးနှင့် စီးပွားရေးရာတို့ကို တိုင်းတာခြင်း ဖြစ်သည်။

ကုလသမဂ္ဂ နိုင်ငံတကာ သက်ကြီးရွယ်အိုများနေ့တွင် ဖြန့်ချိသော အဆိုပါ အညွှန်းကိန်းတွင် ဩစတြေးလျ၊ အနောက်ဥရောပနှင့် မြောက်အမေရိကတို့သည် စံနှုန်းမြင့်မားပြီး အနိမ့်ဆုံးနိုင်ငံမှာ အာဖဂန်နစ္စတန်ဖြစ်သည်။

အစီရင်ခံစာ၌ ကြိုတင်ဟောကိန်းထုတ်ထားသည်မှာ သက္ကရာဇ် ၂၀၅၀ခန့်တွင် ကမ္ဘာ့လူဦးရေ၏ ၂၁ ရာခိုင်နှုန်းသည် အသက် ၆၀ ကျော်များဖြစ်ကြမည်ဖြစ်သည်။

သက်ကြီးရွယ်အိုတစ်ဦး၏ ဝင်ငွေလုံလောက်မှု ရှိ မရှိ၊ ကျန်းမာရေး ကောင်းမကောင်း၊ တစ်ကိုယ်ရေ စွမ်းဆောင်နိုင်မှုပမာဏနှင့် ပြည့်စုံသော အသိုက်အဝန်းတွင် နေထိုင်ရခြင်း ရှိ မရှိ စသည့်ကဏ္ဍ လေးရပ်ကို အညွှန်းကိန်းက တိုင်းတာထားခြင်းဖြစ်သည်။

နော်ဝေနိုင်ငံ၏ နောက်တွင် ဆွီဒင်နိုင်ငံရှိပြီး၊ ယင်းနောက်တွင် ဆွစ်ဇာလန်၊ ကနေဒါနှင့် ဂျာမနီတို့အသီးသီးရှိကြသည်။

၂၀၅၀ ခုနှစ်ခန့်တွင် အညွှန်းကိန်းပါ နိုင်ငံပေါင်း ၄၀ နီးပါး၌ အသက် ၆၀ နှင့်အထက် လူအိုကြီးများသည် စုစုပေါင်း လူဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိလာမည်ဖြစ်သည်။

၂၀၃၀ ခုနှစ်ခန့်တွင် အသက် ၆၀ နှင့်အထက် လူဦးရေ စုစုပေါင်းသည် ၁ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိမည်ဟု မျှော်လင့်ရကြောင်း ကုလသမဂ္ဂက ပြောသည်။

**ဘီဘီစီ။**



**နော်ဝေနိုင်ငံသည် သက်ကြီးရွယ်အိုများ နေထိုင်ရန် အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်သည်။**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈။)**

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်**

**(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)တွင် ပါရှိသော "နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ခြင်း" ဆိုသည့်စကားရပ်ကို "နိုင်ငံသားဖြစ်ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ)တွင် ပါရှိသော "ပုဒ်မ ၄ ပါအချက်များနှင့်ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသားလက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ်အမှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ်အမှတ်"ဆိုသည့် စကားရပ်ကို "ပုဒ်မ ၄ ပါအချက်များနှင့်ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (က)တွင် ပါရှိသော "နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူဖြစ်ခြင်း"ဆိုသည့် စကားရပ်ကို "နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ ၏နောက်တွင် ပုဒ်မ ၂၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၅-က။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ရှိခဲ့သည့် နိုင်ငံရေးပါတီများသည် ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီနှင့် ပါတီဝင်များဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သင့်လျော်သည့်အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-2)၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် အခြားသော အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ သက်ကြီးရွယ်အိုဦးရေ လျင်မြန်စွာ တိုးပွားနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ တွက်ချက်မှုကိန်းဂဏန်းများအရ မိမိတို့နိုင်ငံတွင် သက်ကြီးရွယ်အိုဦးရေစုစုပေါင်း၏ (၁၀)ရာခိုင်နှုန်းခန့်သည် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လိုအပ်သည့်အခြေအနေတွင်ရှိနေပါကြောင်း၊ ထို့အတွက် သက်ကြီးရွယ်အိုဦးရေ တိုးပွားလာမှုသည် ကြိုဆိုရမည့်ကိစ္စတစ်ရပ်ဖြစ်သကဲ့သို့ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်ကိုလည်း အားလုံးသတိထားကြရမည် ဖြစ်ပါကြောင်း၊ မြန်နှုန်းမြင့် တိုးပွားနေသည့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အောင်မြင်သော အိုမင်းမှုဖြစ်စဉ် နည်းလမ်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးထားဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က တစ်နိုင်ငံလုံးမှ အသက်အကြီးဆုံး အဘိုး၊ အဘွား တစ်ဦးစီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ အသက်(၁၀၀)နှစ်နှင့်အထက် ဘိုးဘွားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**



ထို့နောက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့(မြန်မာ)မှ တာဝန်ရှိသူတစ်ဦးက ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် အဘိုးအဘွားများအား ဆေးဝါးပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ် ဗွီဒီယိုမှတ်တမ်းကို ပြသပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အထိမ်းအမှတ်ပြခန်းငယ်အား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကမာရွတ်မြို့နယ် မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ အငြိမ်းစားရဲတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ဒီမိုကရေစီနိုင်ငံတော်တွင် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဆိုသည့် မဏ္ဍိုင်ကြီး (၃)ရပ်ချမှတ်ပြီး ဆောင်ရွက်နေကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အောက်တွင် ရဲတပ်ဖွဲ့သည် အရေးကြီးသည့်အပိုင်းမှ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများဖြစ်၍ ပြည်သူ့အကျိုးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်သူများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ သစ္စာရှိရှိ၊ သမာဓိတည်ကြည်စွာဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ရန် မိမိကိုယ်ကိုမိမိစောင့်ရှောက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ကြံ့ခိုင်စေသော အုတ်မြစ်ကောင်းများဖြစ်ရန် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မှခင်းဖော်ထုတ်ရာတွင် စွမ်းစွမ်းတမံဖော်ထုတ်ခဲ့သည့် ရာထူးတစ်ဆင့်တိုးမြှင့်ခံရသော တပ်ဖွဲ့ဝင်အရာရှိများနှင့် ဂုဏ်ပြုဆုရသူတပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက နေအိမ်လိုင်းခန်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်တံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-43033237
www.chitpaithitsar.blogspot.com

ဆရာကောင်း (WISDOM VILLAGE)
SAT / IELTS / TOEFL
အမှတ်-၉၊ ပန်းခြံလမ်း၊မြေနီကုန်း။ Ph: 516680, 09-5115486

POST ရာထူးဝင်ခွင့်သင်တန်း
Tel: 09420129333
မွေးမြူရေး – ကျေးလက် ဝင်ခွင့်အနီးကပ်
ဘဏ္ဍာရေး – ပြည်တွင်းအခွန်
ဖွင့်ပြီ
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။






# စာရေးဆရာဖြစ်လိုသော်

အောင်ကျော်ညို
(ဆင်ချဆိပ်)

"နှုတ်တစ်ရာ စာတစ်လုံး" နှိုင်းယှဉ်အသုံးအနှုန်းရှိသည်။ စာပေအရေးအသား၏ ထိရောက်မှု။

တစ်နေ့ ရေးဖော်ရေးဖက် အသိတစ်ဦး ရောက်လာသည်။ မတွေ့တာကြာ၍ အလ္လာပသလ္လာပပြောကြရင်း မြန်မာနိုင်ငံစာရေးဆရာအသင်းက ဖွင့်လှစ်သင်ကြားပေးနေသည့် စာရေးနည်းအတတ်ပညာသင်တန်းတက်ရောက်နေကြောင်း သိလိုက်ရသည်။ ဝမ်းသာအားရနှင့် အားပေးစကားပြောဖြစ်သည်။ နေရာတကာ ဆရာလိုအပ်သည်။

မိမိကား ကံမကောင်းခဲ့။ ငယ်စဉ်ကျောင်းသားဘဝမှာကတည်းက စာရေးစာဖတ် ဝါသနာပါခဲ့သည်။ အစ်ကိုကျောင်းဆရာစားပွဲပေါ်မှ "ပညာတန်ဆောင်"မဂ္ဂဇင်း မကြာမကြာယူဖတ်ရင်း ဆရာကြီးဦးသိုက်ထွန်းရေးသည့် "ဘိန်းစားပေးသော ပညာ"ဝတ္ထုတိုကို စွဲစွဲလမ်းဖြစ်ခဲ့ဖူးသည်။ ပုံစံတူကူးချ အရေးလေ့ကျင့်ခဲ့ဖူးသည်။

၁၀ တန်းရောက်တော့ စာရေးလိုသည့်မိမိအတွက် နည်းပေးလမ်းပြ လမ်းပြကြယ်ဆောင်းပါးတိုတစ်ပုဒ်ကို ပြဿနာစကားပြေစာအုပ်တွင် ဖတ်မှတ်ခဲ့ရသည်။ ရေငတ်ချိန် ရေတွင်းထဲ ပြုတ်ကျသွားသလို အငမ်းမရ ဖြစ်ခဲ့ရသည်။ ဆရာကြီးတက်တိုးရေးသည်ဟု ဝိုးတဝါးမှတ်မိနေဆဲ။ "စာရေးဆရာဖြစ်လိုသော်"ဟူသည့် ဆောင်းပါးတိုလေး အနှစ်ချုပ်မှာ စာရေးဆရာဖြစ်လိုသော် စာများများဖတ်ပါ။ စာများများရေးပါ ဟူ၏။ စာရေးဆရာအတွက် သင်တန်းကျောင်းမရှိပါဟု ဆိုထားပေရာ နယ်စွန်နယ်ဖျား၊ တောကြိုတောင်ကြားမှ မိမိတို့ဘဝနှင့် အံကိုက်ဖြစ်နေခဲ့သည်။ ဆရာကြီး၏ နည်းပေးလမ်းပြ လမ်းညွှန်စကားအတိုင်း စာများများဖတ်ဖြစ်ဖို့ အကြောင်းဖန်လာခဲ့သည်။

၁၀ တန်းအောင်တော့ တက္ကသိုလ်မတက်ရောက်နိုင်။ ဆင်းရဲနွမ်းပါးမှုက မိမိအား တောကျောင်းဆရာဘဝနှင့် တောကြိုတောင်ကြား ဇနပုဒ်အရပ်သို့ ပို့ခဲ့သည်။ သင်္ဘောတစ်တန်၊ လှေနှစ်တန်နှင့် လမ်းခရီး၊ "ခက်သာရွာ"မှာ တစ်ညအိပ်ပြီးမှ ရောက်သည့်ခရီး။ ကုလားတန်မြစ်ကမ်းနံဘေးက ရဲဖျားရွာလေး။ တစ်လမှ တစ်ကြိမ် လစာထုတ်ဖို့ မြို့ပြန်ရသည်။ သွားစရာ လာစရာဆို၍ အိမ်နှင့်ကျောင်းမှအပ အခြားမရှိ။ သေလောက်အောင် ပျင်းဖို့ကောင်းသည့်နေရာ။

ဤသို့ဖြင့် စာအုပ်များသည် မိမိ၏ ဘဝအဖော်မွန်ဖြစ်လာခဲ့သည်။ တစ်လ တစ်ကြိမ်မြို့ပြန်လာတိုင်း မြို့မှ ဖတ်စရာစာအုပ် ကျောပိုးအိတ်နှင့်အပြည့် သယ်ယူသွားသည်။ လဝက်လောက်ဆို ပါသမျှစာအုပ် ကုန်သွားပြီ။ နောက်တစ်ကြိမ်ပြန်ဖတ်နှင့် တချို့စာအုပ်များ သုံးကြိမ်မက ဖတ်ဖြစ်သည်။

စွဲစွဲလန်းလန်းနှင့် ဖတ်ဖြစ်ခဲ့သော စာအုပ်များမှာ လင်းယုန်မောင်မောင်ဘာသာပြန် အတ္ထုပ္ပတ္တိစာအုပ်များ။ ဥပမာ-ချေဂွေဗားရား၊ ကပ်စထရို၊ ပက်ထရစ်လူမွန်ဘား၊ တက္ကသိုလ်ဘုန်းနိုင်၏ လွမ်းတေးမဆုံးစေနှင့် စောသခင်၊ တစ်ပြည်သူ မရွှေထား စသည့်စာအုပ်များ။ မှတ်မှတ်ရရ "လွမ်းတေးမဆုံးစေနှင့် စောသခင်" စာအုပ်ဖတ်ပြီး တစ်လလောက်ထိ တမြေ့မြေ့ခံစားနေခဲ့ရဖူးသည့် ဆရာကြီး၏ စာပေအရေးအသားကောင်းမွန်ဆွဲဆောင်အားပင်။ ဆရာကြီးသိန်းဖေမြင့်၏ "အရှေ့ကနေဝန်း ထွက်သည့်ပမာ၊" သခင်တင်မြ၏ "ဘုံဘဝမှာဖြင့်" ။ စွဲစွဲမြဲမြဲဖတ်ဖြစ်ခဲ့သော မှတ်မိသမျှ စာအုပ်များ။

ဆရာကြီးများ၏ အရေးအသားများမှာ တစ်မျိုးတစ်ဘာသာစီ ထူးခြားမှုရှိသည်။ အထူးသဖြင့် လင်းယုန်မောင်မောင်၏ အတ္ထုပ္ပတ္တိအရေးအသားတွင် ထူးခြားမှုမှာ စိတ်ဝင်စားဖွယ် ခေါင်းခန်းလေးများနှင့် ရေးသွားခြင်းဖြစ်သည်။ ခေါင်းစဉ် တစ်ခုပေးလိုက်၊ အကြောင်းအရာကို ရေးလိုက်နှင့် အတ္ထုပ္ပတ္တိစာအုပ်တစ်အုပ်လုံးကို အခန်းဆက်ရေးသားသွားခြင်းပင်။ သတင်းစာဆရာကြီးပီပီ သတင်းရေးသားနည်းပညာနှင့် လက်စွမ်းပြသွားခြင်း။ မိမိအတွက် စာရေးသားနည်းပညာကို ပေးခဲ့ကြသော ဆရာကြီးများပင်တည်း။

ဘဝမှာ မမေ့နိုင်စရာ စာရေးဆရာကြီးနှစ်ဦးနှင့်လည်း နဖူးတွေ့ ဒူးတွေ့ ဆုံတွေ့ခွင့်ကြုံခဲ့သည်။ ရခိုင်ဘက်သို့ စာပေခရီးထွက်လာခဲ့ကြသော စာရေးဆရာကြီး နတ်နွယ်နှင့် မောင်သိန်းဆိုင်။ စစ်တွေ၊ မောင်တော၊ မင်းပြား ပြီးလျှင် မြောက်ဦးမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။ မြို့နယ်ပါတီယူနစ်ရုံးမှာ စာပေဟောပြောပွဲ ကျင်းပသည်။ ရယ်စရာ အရွှန်းအဖောက်များနှင့် စာပေခရီးအတွေ့အကြုံများအကြောင်းစုံဟောပြောသွားကြသည်။ ဆရာကြီးနတ်နွယ်၏ "မြန်မာပြည် မြောက်ဖျား"စာပေခရီးအကြောင်း ဟောပြောချက်မှာ ဗဟုသုတစုံသည်။ မိမိအတွက် ရင်ထဲစွဲကျန်ခဲ့သည်။ မိမိဘဝ၏ စာပေလမ်းခရီးတွင် အထောက်အကူဖြစ်စေခဲ့သည်။ စာရေးသားနည်းတစ်မျိုးကို ဆရာမောင်သိန်းဆိုင်က နည်းပေးလမ်းပြပြုပေးခဲ့သည်။ "ကျွန်တော် စာရေးဆရာဖြစ်လာတာ ကျွန်တော်ချစ်တဲ့ အစ်မကိုရည်းစားစာရေးရင်းနဲ့ဖြစ်လာခဲ့တာ" ဆရာမောင်သိန်းဆိုင်၏ ပွဲကျသွားစေသည့်စကားမှာ မိမိအတွက်ကား စာရေးနည်းတစ်မျိုး တိုးလာခဲ့ရသည်။

ဆရာကြီးတက်တိုး၏ "များများဖတ်၊ များများရေး"ဆိုရာတွင် ဦးနှောက်အသိနှင့် ရေးသားစေခဲ့ခြင်းဟု သိထားခဲ့သည်။ နှလုံးသားနှင့် စာရေးနည်းကို ဆရာမောင်သိန်းဆိုင်ကျေးဇူးကြောင့် မမျှော်လင့်ဘဲ ရရှိခဲ့ပါသည်။ နှလုံးသားနှင့်ရေးသည့်စာများ မြန်မာ့စာပေသမိုင်းမှာ ယနေ့ထိတိုင် လွမ်းမောဖွယ် မှတ်တမ်းတင်လျက်ရှိနေဆဲ။ ဖတ်ရသူများ၏ နှလုံးသားမှာ တမြေ့မြေ့နှင့် လွမ်းငွေ့လေးတွေ ဝေနေရဆဲ။ လှိုင်ထိပ်ခေါင်တင်၏ "စိန်ခြူးကြာညောင်" အစချီသောလယ်နှင့် တောင်ငူဘုရင် နတ်သျှင်နောင်၏ စစ်မြေအရပ်မှ ဓာတုကလျာဆီ ပို့ဆက်သည့် လွမ်းမပြေ ကျေးစေရတုများ။ နှလုံးသားနှင့် ရေးသားသည့်စာများ၏ စွမ်းရည်ကို ဤရတုစာများတွင် အထင်အရှားတွေ့ရပါသည်။

နတ်သျှင်နောင်၏ ကျေးစေရတု လွမ်းစာခွေများကြောင့် ရာဇဓာတုကလျာ "နတ်သျှင်ရေးကြောင့် တရေးမှောင့်ခဲ့"ရရှာသည်။ အိမ်ထောင်ရေးကံမကောင်းရှာသော မင်းသမီးခမျာ တရားရိပ်ခို၊ သီလရှင်ဘဝနှင့် သာသနာ့ဘောင်ဝင်မည်ဟု ဆုံးဖြတ်ထားခဲ့ပြီးမှ နတ်သျှင်နောင်ကြောင့် ပျက်ခဲ့ရသည်။ နတ်သျှင်နောင်အလိုကျ လိုက်လျောခဲ့ရသည့် နှလုံးသားစာများ၏အားသာချက်။

မိမိတို့ရုံးသို့ အရာရှိတစ်ဦး ပြောင်းလာသည်။ စကားစပ်မိရင်း "ကျွန်တော်လည်း ဆရာ့ဆီက စာရေးနည်းသင်ရဦးမယ်"ဆိုလာသည်။ မိမိ၏ဆရာများနှင့် မိတ်ဆက်ပေးလိုက်ရသည်။ ဆရာကြီး ဦးတက်တိုး၊ ဆရာကြီးမောင်သိန်းဆိုင်တို့၏ လမ်းညွှန်ချက် "စာရေးဆရာဖြစ်လိုသော် စာများများဖတ်၊ စာများများရေး၊ ဖတ်မှတ်သမျှ ဦးနှောက်အသိအပြင် နှလုံးသားခံစားချက်ပါ ပေါင်းစပ်ရေး" စကားကို လက်ဆင့်ကမ်းမျှဝေလိုက်ရပါသည်။ ။

**စာရေးဆရာဖြစ်လိုသော် စာများများဖတ်၊ စာများများရေး၊ ဖတ်မှတ်သမျှ ဦးနှောက်အသိအပြင် နှလုံးသားခံစားချက်ပါ ပေါင်းစပ်ရေး**




## a&Tm;usef ma&;aq;cef zGifhvSpf

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့် သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဂျိဂျိစန်းနှင့် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့နှင့် ပျဉ်းမနား ခုတင်(၂၀၀)ဆေးရုံမှ မျက်စိအထူးကု ဆရာဝန်ကြီးအဖွဲ့၊ နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်၊ ဥတ္တရသီရိ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်၊ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များသည် စက်တင်ဘာ ၂၈ ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျောက်စရစ်ကုန်းကျေးရွာတွင် ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အဖွင့်အမှာစကား ပြောကြားပြီး မေတ္တာစမ်းရေ ဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က "ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်း"၊ ဒေါက်တာလှလှကြည်က "ငါးနှစ်အောက်ကလေးနှင့် အာဟာရအကြောင်း"၊ ဒေါက်တာမျိုးမင်းဦးက "ကိုယ်ဝန်ဆောင် စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့်မွေးဖွားရန်အကြောင်း"နှင့် ဒေါက်တာလင်းလင်းခက်က "သားဆက်ခြားခြင်းအကြောင်း" တို့ကို ပြောကြားကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများ၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အို ဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်း လူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သော လူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်(၁) ဖုန်း - 251277, 251288
မင်္ဂလာ (၂) ဒဂုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၇၂၂၅၄၀၉၁, ၀၉၇၇၂၂၅၄၀၉၂
မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀, ၀၉၇၇၃၁၇၆၁၁၁, ၀၉၇၇၃၁၇၆၂၂၂
မင်္ဂလာနိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၅၀၂၇၆၅၆၄၁၊ ၀၉၄၅၀၂၇၆၅၆၄၂
၃ . ၁၀ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတ်မှတ်ပြ ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ




ရွှေဆောင်(၁) ဖုန်း - 252113, 388034
မင်္ဂလာ စံပြ ဖုန်း - ၀၉၇၇၃၁၇၆၀၀၀, ၀၉၇၇၃၁၇၆၁၁၁, ၀၉၇၇၃၁၇၆၂၂၂
မင်္ဂလာနိုင်းမွန်း နိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း-၀၉၄၅၀၂၇၆၅၆၄၁၊ ၀၉၄၅၀၂၇၆၅၆၄၂
မြို့မ(မန္တလေး) ဖုန်း- ၃၉၁၃၆၊ ၃၉၁၃၇
၂၆ . ၉ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ
ပွဲချိန်သတ်မှတ်ပြ ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရေကြီးနစ်မြုပ်ပျက်စီးသွားသော လယ်မြေများအား စနစ်တကျ စာရင်းကောက်ယူပြီး စာရင်းအမှန်ဖြင့်သာ ထောက်ပံ့ပေးခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၁

**“မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခြင်းကြောင့် ပဲခူးတိုင်းဒေသကြီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် ရေကြီးနစ်မြုပ် ပျက်စီးသွားသော လယ်ယာမြေများအား စနစ်တကျ စိစစ်၍ တောင်သူလယ်သမားများအတွက် လိုအပ်သော ထိရောက်သည့်ကူညီထောက်ပံ့မှုများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးပါရန်ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက ယနေ့ပြည်သူ့လွှတ်တော် အစည်းအဝေး၌ အဆိုတင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ပဲခူးမြစ်၊ စစ်တောင်းမြစ်နှင့် ရွှေကျင်ချောင်းတို့သည်လည်း ယခင်နှစ် ဩဂုတ်လ စိုးရိမ်ရေမှတ်များထက် ကျော်လွန်ခဲ့ပါကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကောက်ယူပြုစုခဲ့သော စာရင်းများအရ စိုက်ပျိုးပြီးမိုးစပါး ဧက(၁၄၇၀၀၀)ကျော် ရေလွှမ်းခဲ့ရာ ဧက(၁၀၁၀၀၀)ကျော်မှာ ရေပြန်ကျပြီး ဧက(၆၀၀၀၀)ကျော် ထိခိုက်ကာ ဧက(၁၁၀၀၀)ကျော် ပျက်စီးခဲ့ပါကြောင်း၊ ကျန်ဧက(၄၆၀၀၀)ကျော်မှာ ၂၀၁၄ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ ရေလွှမ်းဆဲဖြစ်ပြီး အဆိုပါ စိုက်ဧကများမှာ ၁၆ ရက်ကြာ ရေလွှမ်းခံရသဖြင့် ပျက်စီးဧကစုစုပေါင်း (၅၇၀၀၀)ကျော်ရှိခဲ့ပါကြောင်း၊ ၎င်းပျက်စီးဧကများအား တစ်ဧကလျှင် မျိုးစပါး(၁ ဒသမ ၅)တင်းနှုန်း၊ ခန့်မှန်းငွေကျပ်(၁၂၀၀၀)ဖြင့်လည်းကောင်း၊ ထိခိုက်ဧက (၆၀၀၀၀)ကျော်အတွက် တစ်ဧကလျှင် ငွေကျပ်(၆၀၀၀)နှုန်းဖြင့်လည်းကောင်း စုစုပေါင်းခန့်မှန်းငွေကျပ် (၁၀၄၇၇၈၀၀၀၀)အား နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး လက်ရှိအမှန် ထိခိုက်၊ ပျက်စီးဧကများအား ကွင်းဆင်းစိစစ် ထောက်ပံ့ပေးခဲ့ပါကြောင်း။

ဒေသခံတောင်သူများသည် နှစ်စဉ်ရေကြီးကာလကို သိရှိပြီးဖြစ်သည့်အတွက် မိုးလေဝသအခြေအနေကို သုံးသပ်ပြီးမှသာ စိုက်ပျိုးလေ့ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အချို့သော လယ်များမှာ ရေနက်ကွင်းဖြစ်၍ ပုံမှန်ရာသီထက် နောက်ကျစိုက်ပျိုးလေ့ရှိပါကြောင်း၊ အဆိုပါ ရေနက်ကွင်းလယ်များမှ တောင်သူများမှာ ယခုရေကြီးသည့်အချိန်တွင် ပုံမှန်စိုက်ပျိုးသည့်



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်။



သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး။

လယ်များကဲ့သို့ ထောက်ပံ့ကြေးရလိုမှုကြောင့် မီဒီယာ၊ နီးစပ်ရာ ပုဂ္ဂိုလ်များမှတစ်ဆင့် တောင်းဆိုမှုများရှိသော်လည်း တာဝန်ရှိသူများမှ အဖွဲ့ဖွဲ့စည်း၍ စနစ်တကျ မှတ်တမ်းကောက်ယူပြီး စာရင်းအမှန်ဖြင့်သာ ထောက်ပံ့ ပေးခြင်းဖြစ်ပြီး ထောက်ပံ့ပေးမှုကျန်ခဲ့ပါက သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအဆင့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့် စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့များမှတစ်ဆင့် တင်ပြလာပါက ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း၏ **“နိုင်ငံတော်စီးပွားရေးအတွက် ဝင်ငွေပိုမိုတိုးတက်လာစေရန်နှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ မြှင့်တင်နိုင်ရန် မြန်မာ့ခရီးသွားနှစ်တစ်နှစ်ကို သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့် စပ်လျဉ်း၍ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ရွှေက ယခုအချိန်၌ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌရယူထားခြင်းကြောင့် အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးများ၊ အာဆီယံအရာရှိကြီး အစည်းအဝေးများ ကျင်းပလျက်ရှိရာ အာဆီယံနိုင်ငံများမှ ဧည့်သည်တော်များသည် စဉ်ဆက်မပြတ် မြန်မာနိုင်ငံသို့ ရောက်ရှိလျက်ရှိပါကြောင်း။

ဒုတိယအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးကို မကြာခင်ကျင်းပမည်ဖြစ်ရာ ထိုအစည်းအဝေးတွင် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှလည်း တက်ရောက်ကြမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်၊ BIMSTEC ၊ PATA ၊ UNWTO တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်သောကြောင့် ကမ္ဘာက မြန်မာကိုပိုမိုသိရှိလာသည်ကို တွေ့ရပါကြောင်း။

၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်၊ ပြပွဲနှင့် အစည်းအဝေးများ ကျင်းပရန် အတည်ပြုချက် ရရှိထားပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် (ASEAN Tourism Forum -2015) ကို ဇန်နဝါရီတွင် နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ဤပြပွဲနှင့် ဖိုရမ်သို့ နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံများမှ လုပ်ငန်းရှင်များ၊ မီဒီယာများနှင့် ပညာရှင်များ တက်ရောက်ကြမည် ဖြစ်ပါကြောင်း၊ ၎င်းတို့ထံမှ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအပေါ် ထင်မြင်သုံးသပ်ချက်များကိုလည်း ရယူရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ တိုးတက်မှုအရှိန်အဟုန်မှာ ကောင်းမွန်နေသည့် အခြေအနေကြောင့် လည်းကောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC-ASEAN Economic Community) ဖွံ့ဖြိုးမှုကို စောင့်ကြည့်ရန်အတွက်လည်းကောင်း၊ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်များတွင် အထက်ပါအစီအစဉ်များ ဆက်တိုက်ပြုလုပ်ရန်ရှိသည့်အတွက်လည်းကောင်း လက်ရှိအခြေအနေတွင် မပြုလုပ်သေးဘဲ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုပိုမိုတိုးတက်လာသည့်အခါ အဆိုပါ မြန်မာ့ခရီးသွားနှစ် (Visit Myanmar Year)အား ၂၀၁၆ ခုနှစ်နှင့် နောက်ပိုင်းကာလတွင်သာ ဖော်ဆောင်ပြုလုပ်သွားသင့်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်မှုများသည် လူမှုဝန်းကျင်ကိုထိခိုက်စေ

**နေပြည်တော် အောက်တိုဘာ ၁**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်း၏ **“နိုင်ငံတော် အစိုးရဝန်ထမ်းများ၏ မြို့ပြပင်စင်များ သင့်လျော်သောကာလတွင် တိုးမြှင့်ပေးနိုင်ရေး တွက်ချက်မှု ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က မြို့ပြပင်စင်စားများအတွက် ပင်စင်လစာနှင့်လုပ်သက်ဆုငွေ တွက်နည်းတွင် ရာခိုင်နှုန်းတိုးမြှင့်၍ ပြောင်းလဲခွင့်ပြုပေးရေးကိစ္စသည် နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း၊ ဘတ်ဂျက်ခွင့်ပြုနိုင်မှု အခြေအနေပေါ် မူတည်၍ ဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာနှုန်းတိုးမြှင့်ပေးသည့် အခါများတွင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း တိုးမြှင့်ခံစားနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးခန့်မှန်းခြေငွေစာရင်းအရ နိုင်ငံ့ဝန်ထမ်းများအတွက် လစာငွေကျပ် (၁၉၅၆ ဒသမ ၇၂၂)ဘီလီယံ စုစုပေါင်းအသုံးစရိတ်၏ (၁၀ ဒသမ ၁) ရာခိုင်နှုန်းနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အငြိမ်းစားလစာနှင့်



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမှတ်ကြီး။

ဆုကြေးငွေကျပ် (၅၁၁ ဒသမ ၉၅၇) ဘီလီယံ စုစုပေါင်းအသုံးစရိတ်၏ (၂ ဒသမ ၇)ရာခိုင်နှုန်း သုံးစွဲခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ-၂၄၆(ခ)ပါ ပင်စင်လစာကို ရာခိုင်နှုန်းဖြင့် တိုးမြှင့်တွက်ချက်မှုပုံစံအတိုင်း လိုက်နာဆောင်ရွက်မှုသည်ကာလမကြာသေးပါသဖြင့် ပင်စင်နှင့်ဆုငွေတွက်နည်းကို ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **“မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေ (Myanmar National Building Code)ကို ပြုစုထုတ်ဝေ၍ ကိုဒ်ဥပဒေပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး ဆွေးနွေးခဲ့ကြသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး**က အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်အကောင်အထည်ဖော်မှုများသည် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေပါကြောင်း၊ ပွင့်လင်းမြင်သာစွာဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု လုပ်ဆောင်နေချိန်တွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေကို အမြန်ပြုစုပြဋ္ဌာန်းထုတ်ပြန်၍ နိုင်ငံတကာ ကိုဒ်ဥပဒေများနှင့် ယှဉ်တွဲချိတ်ဆက်ပြီး လိုက်နာကျင့်သုံးလုပ်ကိုင်ရန် လိုအပ်ပါကြောင်း၊ လေဒဏ်၊ ရေဒဏ်၊ မီးဒဏ်နှင့် ငလျင်ဒဏ် စသည့်သဘာဝဘေးအန္တရာယ်ကို ခံနိုင်စွမ်းရှိသည့် ဒီဇိုင်းစနစ်များ၊ အသုံးပြုတည်ဆောက်ရေး ပစ္စည်းများ၊ တည်ဆောက်မှုနည်းစနစ်များ၊ လူနေမှုဘဝတွင် သက်သောင့်သက်သာဖြင့် လုံခြုံစိတ်ချရမှု အနေအထားများ ခံစားရရှိစေနိုင်မည့် အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေသည် အရေးကြီးပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းကျော်ဇောသန်း**က အခြေခံ အဆောက်အအုံများကို



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းကျော်ဇောသန်း။

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတကာစံများနှင့်ယှဉ်၍ မိမိနိုင်ငံနှင့် လိုက်လျောညီထွေရှိမည့် စက်မှုဆိုင်ရာစံချိန်စံညွှန်းများ၊ သုံးစွဲသည့် စံပေတံများ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေနှင့် စည်းမျဉ်းများ၊ လူနေအိမ်ရာနှင့် ဆက်စပ်အဆောက်အအုံများ ဖြစ်ပါ၍ အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေကိုပါ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်ဇော**က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေမထုတ်ပြန်နိုင်မီကာလတွင် လက်ရှိတွက်ချက်တင်ပြထားသည့် အဆောက်အအုံ ဒီဇိုင်းပုံစံအတိုင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများက လက်တွေ့တည်ဆောက်ရေး လုပ်ငန်းခွင်တွင် စနစ်တကျ တည်ဆောက်စေရန်အတွက် အတိုင်ပင်ခံ အရည်အသွေး စစ်ဆေးကြပ်မတ်မည့် အဖွဲ့ အစည်းများကို စည်းမျဉ်းဥပဒေများနှင့်အညီ တည်ထောင် မှတ်ပုံတင်ခွင့်ပြုပြီး အရည်အသွေး စစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ အတိုင်ပင်ခံ အရည်အသွေးစစ်ဆေးကြပ်မတ်မည့် အဖွဲ့အစည်းများကို ငှားရမ်း၍လက်ရှိတည်ဆောက်ရေး လုပ်ငန်းခွင်များကို စနစ်တကျစစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့်**က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေ ပြုစုထုတ်ဝေရေးသည် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် အမှန်တကယ်လိုအပ်နေသော ကိစ္စတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ဆောက်လုပ်သော အဆောက်အအုံများသည် ငလျင်ဒဏ်နှင့် မုန်တိုင်းဒဏ်များကို ခံနိုင်ရန် ထည့်သွင်း စဉ်းစားကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



# ပြည်တွင်းရေးရာ

○ စာမျက်နှာ ၇ မှ

အဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဘေးအန္တရာယ်ကျရောက်နိုင်မှု လျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် UN- Habitat တို့အကြား ၂၀၁၁ခုနှစ်တွင် နားလည်မှုစာချွန်လွှာ ရေးထိုး၍ လုပ်ငန်းခွဲ(၅)ခု ဆောင်ရွက်ရန် သဘောတူခဲ့ကြပါကြောင်း၊ ၎င်းလုပ်ငန်းခွဲများထဲမှ လုပ်ငန်းခွဲ (၂)သည် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ ကိုဥပဒေ (Myanmar National Building Code) ပြုစုပြဋ္ဌာန်းရေး လုပ်ငန်းစီမံကိန်း ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေအား ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးသော်လည်း သက်တမ်းအတိုင်းအတာတစ်ခုအထိ လုပ်ငန်းအရည်အသွေးအပေါ် စစ်ဆေးမှုနှင့် အသုံးပြုသောပစ္စည်းများအား အာမခံမှုတို့ကို နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော ဗြိတိသျှစံချိန်စံညွှန်း၊ အမေရိကန် ကွန်ကရစ်နည်းပညာ စံချိန်စံညွှန်းနှင့် အပြည်ပြည်ဆိုင်ရာ အဆောက်အအုံ ကိုဥပဒေများ သုံးစွဲပြီးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ (Myanmar National Building Code) ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာလကုန်ခန့်တွင် မူကြမ်းအသီးသီးကို အဆိုပြုတင်သွင်းနိုင်ခဲ့ပါကြောင်း၊ အဆိုပါမူကြမ်းအား ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှ စ၍ အပြန်အလှန်သုံးသပ်လေ့လာပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် အချောသပ်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေမူကြမ်း စိစစ်ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေ (Myanmar National Building Code)မူကြမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဒေဝူးကုမ္ပဏီဥက္ကဋ္ဌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၁

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဆိုးလ်မြို့ Samcheonggak Restaurant သို့ရောက်ရှိရာ Daewoo International Co., Ltd.မှ President ဖြစ်သူ Mr.Jeon Beyong II နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် Mr. Jeon Beyong II ကမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့သည် Daewoo International Co.,Ltd. မှ President ဖြစ်သူ Mr.Jeon Beyong II တို့နှင့်အတူ နေ့လယ်စာအား အတူတကွ သုံးဆောင်ခဲ့ကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## အာမေးနီးယန်း ဂိုဏ်းချုပ်ဆရာတော် သက်တမ်းအရင့်ဆုံး ခရစ်ယာန်ဘုရားကျောင်း ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနား တက်ရောက်

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာနိုင်ငံသို့ ခြောက်ရက်တာမျှ လေ့လာရေးခရီး ရောက်ရှိနေသော အာမေးနီးယန်းဂိုဏ်းချုပ်ဆရာတော် KAREKIN II နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါ ဂိုဏ်းချုပ်ဆရာတော်နှင့် အဖွဲ့အား ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မို့မို့လွင်က ရန်ကုန်မြို့၏ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဓာတ်ပုံများကိုပြသကာ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအား ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရန်ကုန်မြို့ပြ၏ လက်ရှိပိုင်ဆိုင်ထားသော အထင်ကရမြို့ပြသွင်ပြင်အား ခေတ်မီဖွံ့ဖြိုးမှုနှင့် ပေါင်းစပ်ရာတွင် မြို့၏ မူလလက္ခဏာနှင့်အမွေအနှစ်ဂုဏ်အင်များ မပျောက်ပျက်အောင် သမိုင်းဝင်မြို့လယ်အား ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်အဖြစ် သတ်မှတ်ခြင်းနှင့် ထူးခြားသည့် မြို့ပြရှုခင်းနှင့် မြင်ကွင်းများအားကာကွယ်ရန် ဇုန်များထပ်မံသတ်မှတ်ခြင်း၊ မြို့ပြအမွေအနှစ်အဆောက်အအုံများအား ပြန်လည်အသုံးချခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကိုအားပေးခြင်း၊ အမွေအနှစ်အဆောက်အအုံများ စာရင်းစုဆောင်းခြင်းနှင့် ဥပဒေဖြင့်ကာကွယ်မည့် စာရင်းပြုစုခြင်း၊ ဒေသခံလူထု၊ ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတကာမှ လေ့လာသူများအတွက် မြို့လယ် အမွေအနှစ် ဧရိယာအား လည်ပတ်ရန်စီစဉ်ပေးခြင်း၊ မြို့နှင့် မြို့နေလူထုတို့နှင့် သက်ဆိုင်သော အကြောင်းအရာများနှင့် ဓာတ်ပုံများအား သုတေသနပြုလုပ်ခြင်းနှင့် မော်ကွန်းတင်ထိန်းသိမ်းခြင်းတို့အား ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြို့ပြအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် အကြံပေးခြင်းနှင့် သင်တန်းများပေးခြင်း၊ အများပြည်သူအား အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဂိုဏ်းချုပ်ဆရာတော်နှင့်အဖွဲ့သည် ရန်ကုန်မြို့လယ်ရှိ ရှေးဟောင်းအဆောက်အအုံများ၊ မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ထိန်းသိမ်းလျက်ရှိသည့် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေ ၃ နာရီခွဲတွင် ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ ခရစ်ယာန်ဘုရားကျောင်းတစ်ခုဖြစ်သည့် ဗတ္တိဇံဆရာရှင်ယောဟန်၏ အာမေးနီးယန်း တမန်တော်များ ဘုရားကျောင်းသို့ရောက်ရှိပြီး ကမ္ပည်းပြားတပ်ဆင်ခြင်း အခမ်းအနားကို တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မို့မို့လွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အာမေးနီးယန်း ဂိုဏ်းချုပ်ဆရာတော် KAREKIN II တို့က အပြာရောင်ကမ္ပည်းပြားအား ဖွင့်လှစ်ပေးခဲ့သည်။

ဗိသုကာလက်ရာများဖြင့် တစ်မူထူးခြားသည့် ယင်းဘုရားကျောင်းသည် ရန်ကုန်မြို့တွင် သက်တမ်းအရင့်ဆုံးဘုရားကျောင်းတစ်ခု ဖြစ်သည်။ အာမေးနီးယန်းလူမျိုးတို့သည် ၁၇ ရာစုတွင် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချဲ့ထွင်ရန်နှင့် စီးပွားကွန်ရက်တိုးမြှင့်ရန် အီရန်နှင့် အိန္ဒိယနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြပြီး မြန်မာမင်းများလက်ထက်တွင် ဘာသာပြန်အရာရှိများ၊ နိုင်ငံခြားနှင့်ဆက်သွယ်ရေး အရာရှိများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ အာမေးနီးယန်းလူမျိုးများ ဘာသာရေး၊ လူမှုရေးဆိုင်ရာများ ဆောင်ရွက်ရန် ယခုမြေနေရာအား ၁၈၆၃ ခုနှစ်တွင် လှူဒါန်းခဲ့ရာ နှစ်ပေါင်း ၁၅၀ ကျော်ရှိပြီဖြစ်သည်။

လူအများနှင့်သက်ဆိုင်သော နေရာများတွင် အဆိုပါနေရာနှင့် ဆက်စပ်နေသည့် သမိုင်းဝင်လူပုဂ္ဂိုလ်များနှင့် သမိုင်း အဖြစ်အပျက်များအကြောင်းကို ဖော်ပြပြီး မြို့၏အမှတ်အသားတစ်ခုအဖြစ် ပြည်သူများလေ့လာနိုင်ရန်ရည်ရွယ်လျက် အပြာရောင်ကမ္ပည်းပြားအား ယခုကဲ့သို့ တပ်ဆင်ထားရှိခြင်းဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**



**အောက်တိုဘာ ၁ ရက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ဆုရရှိသောတပ်ဖွဲ့ဝင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(၀၇၅)

## အောင်ဘာလေသိန်းဆုဖွင့်

**နေပြည်တော် အောက်တိုဘာ ၁**

(၃၀၉)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသောဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**အထူးဆုကြီးတစ်ဆု ကျပ်သိန်း (၁၅၀၀)**

ဇ-၇၁၉၉၇၉

**ဆုကြီးတစ်ဆုကျပ်သိန်း (၁၀၀၀)**

ဈ-၃၃၆၁၈၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၅၀၀)ဆုများ**

ပ-၃၄၆၀၂၂

ဠ-၂၀၀၄၃၃

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၃၀၀)ဆုများ**

မ-၄၁၉၂၄၅

ဘ-၂၈၉၆၇၁

စ-၁၄၆၇၅၀

**ဆုကြီးတစ်ဆုချင်း ကျပ်သိန်း (၂၀၀)ဆုများ**

ဠ-၇၆၈၇၉၂၊ အ-၂၁၄၄၅၀

ဍ-၆၄၀၆၉၂၊ ဗ-၁၃၀၁၅၃

ည-၉၃၆၅၉၀

**ဆုတစ်ဆုချင်း ကျပ်သိန်း (၁၀၀)ဆုမဲများ**

ခ-၁၈၃၉၅၄၊ ဘ-၃၀၅၈၄၇

ထ-၃၈၃၉၈၅၊ ပ-၆၁၉၆၅၀

ဖ-၃၇၂၈၃၀၊ တ-၁၇၁၉၃၆

အ-၄၉၀၈၅၃၊ က-၄၅၈၁၉၉

ဍ-၈၉၄၀၅၈၊ ဏ-၉၈၁၅၆၅

ည-၆၉၅၃၂၂၊ အ-၃၇၉၁၇၁

ပ-၆၇၀၅၇၀

## မွန်ပြည်နယ် ရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတု နှစ်ပတ်လည်နေ့ ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များကို ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသော ဌာနကြီးငါးခုနှင့်အတူ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေရသလို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တပ်ဖွဲ့တစ်ခုဖြစ်ကြောင်း၊ ပြည်သူချစ်ပြီး နိုင်ငံပုံရိပ်ကောင်းကို ဖော်ဆောင်နိုင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ကောင်းများအနေဖြင့် ရှေ့ဆက်ရမည့် ရွှေရတုလွန်ကာလမှစ၍ အနာဂတ်ခရီးလမ်းကို အားမာန်အပြည့်ဖြင့် ကြိုးစားလျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်(၅၀)ပြည့် ရွှေရတု အထိမ်းအမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပေးပို့လာသော သဝဏ်လွှာအား ဖတ်ကြားသည်။ ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးဌေးလွင်နှင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းတို့က မှုခင်းထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ လူမှုရေးထူးချွန်ဆု၊ ပညာရေးထူးချွန်ဆုနှင့် တပ်ဖွဲ့ဝင်မိသားစု စိုက်ပျိုးရေး၊ မွေးမြူရေး၊ နေအိမ်လိုင်းခန်းသန့်ရှင်းရေးဆုရ တပ်ဖွဲ့ဝင်များနှင့် လုပ်သားပြည်သူများအား ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ က ဆုများ အသီးသီးချီးမြှင့်ကြကြောင်း သိရသည်။

**ကိုကိုသိန်း(မော်လမြိုင်)**

**ဥတုရာသီ တောက်ပိုမိုး၏**

# ပြည်တွင်းရေးရာ

**✱ မြန်မာနိုင်ငံမှ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ ခေတ်အဆက်ဆက် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးကို အသွင်သဏ္ဍာန်အမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြရာ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ရဲလုပ်ငန်းတာဝန်များကို ပီပီပြင်ပြင် ထမ်းဆောင်ပြီး ပြည်သူလူထု၏အကျိုးကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် သယ်ပိုးမည်ဆိုသည့် အနှစ်သာရ သဘောကို ရှေ့တန်းတင်ကာ သာမန် ရဲလုပ်ငန်းလုပ်နေသည့် ရဲအဖွဲ့မှသည် ပြည်သူ့ရဲတပ်ဖွဲ့အဖြစ်သို့ အသွင်ကူးပြောင်းမှုကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့က စတင်ကြိုးပမ်း အကောင်အထည်ဖော်ခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၆၄ ခုနှစ်မှစ၍ ပြည်သူနှင့်ရဲ တစ်သားတည်းဖြစ်ရေး ကြိုးပမ်းဆောင်ရွက်မှုသည် ယနေ့ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်ကာလတိုင် ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူ့ရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲကြိုးပမ်းလာစဉ်မှစ၍ "သစ္စာ၊ သမာဓိ၊ သတ္တိ"ဆိုသည့် ဦးထိပ်ပန်ဆင်ထားသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံနှင့်ပြည်သူအပေါ် သစ္စာရှိရန်၊ မိမိလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အဂတိကင်းစွာ သမာဓိရှိရှိ လုပ်ဆောင်ရန်၊ အမှန်တရားအတွက် သတ္တိရှိရှိ ရဲရင့်စွာ လုပ်ဆောင်ရန်အတွက် ကြိုးပမ်းပြုပြင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့အပြင် ရဲတပ်ဖွဲ့ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အဖွဲ့အစည်းအဖြစ် ပြောင်းလဲလာစေရေးအတွက် UNDP, UNODC,EU,ICRC တို့၏ ပူးပေါင်းကူညီမှုနှင့် လူ့အခွင့်အရေးဆိုင်ရာများ၊ တရားဥပဒေစိုးမိုးရေး ဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးမှုများ၏ ရလဒ်အဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကာလနှင့် အနာဂတ်ကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်ပြည်တွင်းလုံခြုံရေးကိစ္စများကို ပိုမိုခိုင်မာစေရုံမျှသာမက ကမ္ဘာ့လုံခြုံရေးဆိုင်ရာ မှုခင်းကိစ္စများကိုပါ တက်ကြွစွာပါဝင်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ရေးအတွက် ပြည်သူဗဟိုပြုသော ပြည်သူများပူးပေါင်းပါဝင်သည့် စီမံခန့်ခွဲအုပ်ချုပ်မှု ပုံသဏ္ဍာန်ကို ပြောင်းလဲဆောင်ရွက်နေမှုများနှင့် လိုက်လျောညီထွေရှိနေစေရန်အ တွက် ရဲတပ်ဖွဲ့ဝင်များကလည်း ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် တိုးတက်အောင်မြင်စေရေး အရှိန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်သို့ အလုံးစုံကူးပြောင်းရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပြည်သူလူထုက ယုံကြည်စွာ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းကို ပေါ်လွင်အောင် ပြုမူကြရမည်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့တစ်ခုလုံး၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ ပွင့်လင်းမြင်သာမှုရှိအောင် မီဒီယာမှတစ်ဆင့် ပြည်သူလူထုထံ စဉ်ဆက်မပြတ် ပွင့်လင်းစွာ အသိပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ၂၁ ရာစု ရဲလုပ်ငန်းကို အတွေးသစ်၊ အမြင်သစ်များဖြင့် အကောင်အထည်ဖော်နေကြခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့များ၏ ရဲလုပ်ငန်းဆောင်ရွက်ရာတွင် ဖိနှိပ်မှုပုံစံဖြင့်မသွားဘဲ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှုပုံစံဖြင့် သွားနေခြင်းကြောင့် တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်အားလုံးကို နိုင်ငံတကာစံနှင့်အညီ ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် ဒီမိုကရေစီ ရဲလုပ်ငန်း၏ တိုးတက်မှုသည် ထိန်းချုပ်မှုကို ရှေးရှုသည့် ချဉ်းကပ်မှုမှ ဝန်ဆောင်မှုကို ရှေးရှုသော ချဉ်းကပ်မှုအဖြစ် ကူးပြောင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေအရ အရေးယူဆောင်ရွက်မှု၏ အခြေခံအလေးထားမှုသည် မှုခင်းများဖြစ်လာမှ တုံ့ပြန်ခြင်းထက် မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရဲလုပ်ငန်း၏ အခြေခံမူများမှာ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရဲကျင့်ဝတ်များနှင့်အညီ လူ့အခွင့်အရေးများကို လေးစားမှုနှင့် တာဝန်ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။




**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရွှေရတု နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပြခန်းအား လှည့်လည်ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ ၁၁ ဦးအား ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ပြီး ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စံပြဆုရရှိသူ မှုခင်းရဲတပ်ဖွဲ့မှ ရဲအုပ်လှသိန်းစိုးအား စံပြရဲဂုဏ်ပြုစလွယ်နှင့် တစ်ဆင့်မြှင့်တံဆိပ် တပ်ဆင်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားပြီး တာဝန်များကို စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား တစ်ဆင့်မြှင့်ရာထူးအဆင့်တိုးမြှင့်တပ်ဆင်ပေးခြင်း၊ ပြည်သူလူထုမှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသော တာဝန်သိ ပြည်သူ ခုနစ်ဦးဖြစ်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းတွင် ၂၅-၅-၂၀၁၃ ရက်နေ့ ညနေ ၄ နာရီခွဲ၌ "မန်းရွှေမြို့တော်" ခရီးသည်တင်ယာဉ် တိမ်းမှောက်စဉ် အမြန်လမ်း ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဒဏ်ရာရရှိသူများအား ခက်ခက်ခဲခဲ ကယ်ထုတ်၍ ရှေးဦးပြုစုပေးခြင်း၊ ဆေးရုံသို့လိုက်ပါပို့ဆောင်ခြင်းများ ဆောင်ရွက်ပေးခဲ့သော ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ဖြူးကြက်ခြေနီတပ်ဖွဲ့ဝင် ဒေါ်သန်းသန်းမြင့်အားလည်းကောင်း၊ ၂၀-၈-၂၀၁၄ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် JJ ခရီးသည်တင်ယာဉ်တိမ်းမှောက်စဉ် လူနာတင်ယာဉ် နှစ်စီးဖြင့် အချိန်မီရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား ရှေးဦး သူနာပြုစုပေးခြင်း၊ ဆေးရုံသို့ ပို့ဆောင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူနာတင်ယာဉ်ဝန်ဆောင်မှုလုပ်ငန်း မန်နေဂျာ ဒေါ်နီနီမိုးအားလည်းကောင်း၊ ၃-၈-၂၀၁၄ ရက်နေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်၌ CANTER ယာဉ်တိမ်းမှောက်စဉ် အခင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်ပြီး ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခြင်း၊ ဒဏ်ရာရရှိသူများကို ကြိုးစား၍ကယ်ထုတ်ခြင်း၊ ပစ္စည်းများပျောက်ဆုံးခြင်းမရှိအောင် ထိန်းသိမ်းပေးခြင်း၊ အမြန်လမ်းတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိလာသည့်အခါ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အချိန်မီပို့ဆောင်ရေး ဝိုင်းဝန်းကူညီပေးခြင်းများ ဆောင်ရွက်ပေးခဲ့သော မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ငါးတပုံ ကျေးရွာနေ ဦးရွှေဗျိုင်းအား လည်းကောင်း၊ ကိုယ်တိုင်လူကုန်ကူးခံခဲ့ရမှုအပေါ် သင်ခန်းစာရယူ၍ ဘဝတူအမျိုးသမီးများ ထိုသို့မဖြစ်စေရေးအတွက် ကိုယ်တွေ့အဖြစ်အပျက်များကို သတင်းထောက်များနှင့် တွေ့ဆုံရိုက်ကူး၍ ပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ လူကုန်ကူးခံရသူများ နေရပ်သို့ပြန်လာနိုင်ရေး ငွေကြေးအကုန်အကျခံဆောင်ရွက်ပေးခြင်း၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များအား ဆက်သွယ်သတင်းပေးပို့မှုကြောင့် လူကုန်ကူးမှုအမှုများ ဖော်ထုတ်နိုင်ခဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီးကျေးရွာနေ ဒေါ်မိုးမိုးလတ်အား လည်းကောင်း၊ ၁၆-၆-၂၀၁၀ ရက်နေ့ ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာနေ ဒေါ်သိန်းမြင့်(ခ) ဒေါ်ကြွက်မ၏နေအိမ် ဓားပြတိုက်ခံရစဉ်က အသက်ကို ပဓာနမထားဘဲ သေနတ်ကိုင်ဆောင်ထားသည့် ဓားပြများအား သံတုတ်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာနေ ဦးသာကျော်နှင့် ဦးရင်အေးတို့အား လည်းကောင်း၊ ၆-၅-၂၀၀၉ ရက်နေ့ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရမည်းသင်းမြို့ မြို့မဈေးရှိ ငွေရတနာအောင် ရွှေဆိုင်အား အမျိုးသားသုံးဦးက ဝင်ရောက်လုယက်စဉ် မိမိအသက်ကို ပဓာနမထားဘဲ လက်နက်ကိုင်လုဆိုးအား ဝင်ရောက်လုံးထွေး၍ သေနတ်လုယူရန်ကြိုးစားခဲ့ရာမှ သေနတ်ဒဏ်ရာရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နေ ဒေါ်ချိုပြုံးအား လည်းကောင်း ရဲချုပ်၏ ဂုဏ်ပြုလက်မှတ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုအလှူငွေများ လက်ခံပြီး ရုံးဝန်ထမ်းများအား ပေးအပ်သည့် ဂုဏ်ပြုလက်ဆောင်များကို ဆက်လက်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယရဲချုပ် ရဲမှူးချုပ်သိန်းဦးနှင့် တာဝန်ရှိသူများက ရာထူးတိုးတပ်ဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းထူးချွန်ဆု၊ အမျိုးသမီးစွမ်းဆောင်ရှင်ဆုနှင့် နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ်ချီးမြှင့်ပေးအပ်စဉ်။** (သတင်းစဉ်)



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း တာဝန်ကို စွမ်းစွမ်းတမံ ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တစ်ဆင့်မြှင့်ရာထူး အဆင့်တိုးမြှင့်တပ်ဆင်ပေးစဉ်။** (သတင်းစဉ်)

**❍ အာရှယူ-၁၉ မှ**

မြန်မာအသင်းမှာ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၉ ရက်တွင် ယီမင်အသင်း၊ အောက်တိုဘာ ၁၁ ရက်တွင် ထိုင်းအသင်း၊ အောက်တိုဘာ ၁၃ ရက်တွင် အီရန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ်- ဂတ်ဖရိုင်းဒရစ်၊ လက်ထောက် နည်းပြ- ဦးညီညီလတ်၊ ဦးသန်းဝေ၊ ဂိုးနည်းပြ- ဦးအောင်ကျော်ကျော်၊ ဦးမြကိုမင်း၊ ကစားသမားများအဖြစ် ဂိုး- မျိုးမင်းလတ်၊ သန့်ဇင်ညို၊ ပြည့်စုံချစ်၊ နောက်တန်း- ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ ရဲရင့်အောင်၊ အောင်ဟိန်း၊ စိုးဦး၊ သီဟထက်အောင်၊ နန္ဒကျော်၊ နိုင်လင်းထွန်း၊ အလယ်တန်း-မောင်မောင်စိုး၊ ရွှေဝင်းထွန်း၊ ရန်နိုင်ဦး၊ မျိုးကိုထွန်း၊ ကျော်မင်းဦး၊ ချစ်လှအောင်၊ ငြိမ်းချမ်းအောင်၊ စွမ်းထက်အောင်၊ ရန်လင်းအောင်၊ ရှေ့တန်း-သန်းပိုင်၊ ရှိုင်းသူရ၊ မောင်မောင်လွင်နှင့် အောင်သူတို့ ပါဝင်ကြသည်။ **(ရှိုင်းထက်ဇော်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဂုဏ်ပြုဇာတ်လမ်းတွဲ အပတ်စဉ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုဂုဏ်ပြုအစီအစဉ်အဖြစ် "အချိန်တိုင်း၊ နေရာတိုင်း" ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် အောက်တိုဘာ ၁ရက်၊ ၃ ရက်နှင့် လာမည့် အပတ်စဉ် ကြာသပတေးနေ့နှင့်သောကြာနေ့တို့၌ ည ၉ နာရီသတင်းများအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

# နိုင်ငံခြားဘဏ်များရွေးချယ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံခြားဘဏ်များရွေးချယ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ယနေ့ ညနေပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရန်နှင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ စိစစ်အကဲဖြတ်နိုင်ရန်အတွက် ဂျာမနီနိုင်ငံအခြေစိုက် Roland Berger Strategy Consultants ကိုအကြံပေးကုမ္ပဏီအဖြစ် ငှားရမ်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ် ၄၂ ခုသို့ Expression of Interest (EOI) အား ၂၃-၅-၂၀၁၄ ရက်နေ့တွင် ပေးပို့ခဲ့ရာ နိုင်ငံခြားဘဏ် ၄၁ ခုမှ EOI ပြန်လည်တင်ပြခဲ့ပြီး ဘဏ် ၂၉ ခုက လျှောက်လွှာကြေးတင်သွင်းခဲ့ပါကြောင်း၊ လျှောက်လွှာကြေးတင်သွင်းသည့် နိုင်ငံခြားဘဏ် ၂၉ခုအနက်မှ ဘဏ် ၂၅ ခုက ၁၄-၇-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်း (Request for Proposal-RFP) ကိုမြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြခဲ့ပါကြောင်း။

နိုင်ငံခြားဘဏ်များရွေးချယ်ရာတွင် ရွေးချယ်ရေးအဓိက စံသတ်မှတ်ချက်များမှာ ဘဏ်လုပ်ငန်း အားကောင်းခိုင်မာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလိုက်နာမှု (Prudential)၊ ဘဏ်၏လုပ်ငန်းစွမ်းဆောင်ရည် (Capability)၊ မြန်မာနိုင်ငံ၏ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက် (Market Development)တို့ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်၊ စံသတ်မှတ်ချက်တွင် မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မှုနှင့်မြန်မာနိုင်ငံ၏ပြည်တွင်းဘဏ်များအကျိုးအတွက် ပါဝင်ဖြည့်ဆည်းနိုင်မှုတို့ အဓိကပါဝင်ပါကြောင်း။

နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့နှင့် Roland Berger တို့အကြား နိုင်ငံခြားဘဏ်များ စိစစ်သုံးသပ်သည့် အစည်းအဝေး (၁၁)ကြိမ်ပြုလုပ်၍ စိစစ်သုံးသပ်ခဲ့ပါကြောင်း၊ စိစစ်သုံးသပ်အကဲဖြတ်ခြင်းများကို သေချာစွာဆောင်ရွက်ပြီးနောက် နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့အနေဖြင့် နိုင်ငံခြားဘဏ်ကိုးဘဏ်အား မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်းစတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကနဦး အတည်ပြုချက်အားထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ရွေးချယ်ခံရသည့် နိုင်ငံခြားဘဏ်များသည် မိမိတို့၏အဆိုပြုလျှောက်လွှာ RFP တွင်ဖော်ပြခဲ့သည့်ကတိကဝတ်များကို ကနဦးအတည်ပြုချက်ရရှိပြီး ၁၂ လအတွင်းပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ ဘဏ်လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဂျာမနီနိုင်ငံအခြေစိုက် Roland Berger Strategy Consultants မှ Mr.Philippe Chassat က နိုင်ငံခြားဘဏ်များ ရွေးချယ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြန်လည်ဖြေကြားခဲ့သည်။



ယင်းနောက် မြန်မာ့သတင်းစဉ် (ပြည်တွင်း)မှ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြန်လည်ဖြေကြားခဲ့သည်။

**ဦးဆက်အောင် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**

ဘဏ်ကိုးခုရွေးချယ်တဲ့အတွက် ဒီနေ့သတင်းစာရှင်းလင်းပွဲလုပ်ရတာဖြစ်ပါတယ်။ ဘဏ်ကိုးခုရွေးချယ်လို့ တခြားဘဏ်တွေ မကောင်းဘူးလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဘဏ်တွေအားလုံးရဲ့ Proposal တွေအတွက် ကျေနပ်ပါတယ်။ အဲဒီဘဏ်တွေထဲမှာမှဒီဘဏ်ကိုးခုက ကျွန်တော်တို့သတ်မှတ်ထားတဲ့ Criteria တွေနဲ့ အကိုက်ညီဆုံးဘဏ်တွေပဲဖြစ်ပါတယ်။ Criteria နဲ့ ဘဏ်တွေကို Ranking အစီအစဉ်ချလိုက်တဲ့ အခါ (၁)ကနေ (၉)အတွင်းပါတဲ့ ဘဏ်တွေကို ရွေးတာပါ။ ရွေးချယ်တဲ့ Criteria တွေကို လွှတ်တော်မှာလည်း တင်ပြထားပြီးသားဖြစ်ပါတယ်။ အားလုံးပေါင်း Main Criteria သုံးခုပဲရှိပါတယ်။ Prudential Criteria နဲ့ Capability Criteria နဲ့ Market Development Criteria တွေဆိုပြီး သုံးမျိုးရှိပါတယ်။ အဲဒီအောက်မှာမှ Sub Criteria တွေ ၇၅ ခုရှိပြီး အဲဒီအပေါ်အခြေခံပြီး ရွေးတာပါ။ ရွေးချယ်တဲ့အချိန်မှာ ပွင့်လင်းမြင်သာမှုရှိအောင်လို့ ရွေးချယ်ရေးကော်မတီတင်မက International Cousultant တွေ ပူးပေါင်းပြီးလို့ရှိရင် ကျွန်တော်တို့ ဂျာမန် Consultant နဲ့ ရွေးချယ်တာအပြင် IMF အကြံပေး၊ World Bank အကြံပေးတွေနဲ့ ပူးပေါင်းလုပ်ဆောင်တာဖြစ်ပါတယ်။ အဲဒါကြောင့် ရွေးချယ်ရေးအဖွဲ့မှာ ပူးပေါင်းလုပ်တာဖြစ်တဲ့အတွက် Criteria တွေကို ပြောင်းလို့မရပါဘူး။ Criteria တွေ Request for Proposal လုပ်တဲ့အခါ အသေးစိတ်ရေးထားပြီးသားဖြစ်ပါတယ်။ ဒီ Criteria ကိုကြည့်ပြီး ဘဏ်တွေက Proposal တွေကို Prepare လုပ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့က Criteria ပြင်လို့မရ သလိုသူတို့ကလည်း Criteria နဲ့အညီ တင်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တင်ဒါစနစ်နဲ့ နိုင်ငံခြားဘဏ်တွေရွေးချယ်တာ တစ်ကမ္ဘာလုံးမှာ မြန်မာနိုင်ငံပဲ ရှိမယ်ထင်ပါတယ်။ တစ်ကမ္ဘာလုံးမှာ ဘဏ်ရွေးချယ်ခွင့်၊ ဘဏ်ပေးခွင့်လိုင်စင်ပေးတာ တချို့နိုင်ငံမှာ ဗဟိုဘဏ်က ပေးသလို ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးတာလည်းရှိပါတယ်။ Regulatory Power ဖြစ်တဲ့အတွက် ဘယ်နိုင်ငံမှာမှ အခုလိုရွေးတာမရှိပါဘူး။ မြန်မာနိုင်ငံမှာ ပထမဦးဆုံးပါ။ နိုင်ငံတကာမှာလည်း စုံစမ်းလို့ရပါတယ်။ မြန်မာနိုင်ငံမှာ အဲဒီလိုတင်ဒါပုံစံနဲ့ ရွေးချယ်ရတာက အခုမှ စတာသုံးနှစ်လောက်ပဲရှိတဲ့အခါ တစ်ခုခုအမှားမခံပါဘူး။ ဒါကြောင့် International Consultant တွေနဲ့ ပူးပေါင်းရွေးချယ်တာပါ။

ပြည်တွင်းဘဏ်ကာကွယ်တဲ့ အပိုင်းနဲ့ ပတ်သက်လို့ကတော့ ပြည်တွင်းဘဏ်ကို ကာကွယ်လိုက်ရင်လည်း ပြည်တွင်းလုပ်ငန်းရှင်တွေသာမကဘူး Foreign Investment တွေအတွက်ရော အများကြီး Positive Impact တွေရှိတော့မှာမဟုတ်ပါဘူး။ ပြည်တွင်းဘဏ်ကို အကာအကွယ်မပြုနိုင်ဘူးဆိုရင်လည်း စက်ရုံတစ်ရုံ ပျက်သွားတာ ဘာမှမဖြစ်ပါဘူး။ ပြည်တွင်းဘဏ်တစ်ခုပျက်သွားရင် ဒိုမီနို Effect တို့ဝင်ပြီး ငွေရေးကြေးရေး ပြဿနာဖြစ်နိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်တွင်းဘဏ်ကို ကာကွယ်သင့်သလောက်ကာကွယ်တယ်။ လုပ်ငန်းရှင်တွေအတွက် အဆင်ပြေအောင် Balance ယူပြီး Conditions တွေ သတ်မှတ်ရပါတယ်။ သတ်မှတ်တဲ့အခါမှာလည်း သတ်မှတ်တဲ့ Conditions က အရမ်းကို တင်းကျပ်သွားပြီး နိုင်ငံခြားဘဏ်တွေ ဘာမှလုပ်လို့ကိုင်လို့မရဘဲ ပြဿနာဖြစ်သွားမယ့်အခြေအနေ မရောက်အောင် Conditions တွေအားလုံးဟာလည်း ဒီ Region တစ်ခုလုံးမှာရှိတဲ့ တခြားနိုင်ငံတွေအားလုံးမှာ သတ်မှတ်ထားတဲ့ Regionally Acceptable ဖြစ်တဲ့ Conditions တွေသတ်မှတ်ပါတယ်။ သတ်မှတ်တဲ့အခါ East European Country တွေကို လေ့လာပါတယ်။ East European Country တွေမှာ ဘာ Conditions မှ မသတ်မှတ်တဲ့အတွက် နိုင်ငံခြားဘဏ်တွေကနေ ၉၀ ရာခိုင်နှုန်းကျော် ကြီးစိုးသွားတဲ့ အခြေအနေတွေကိုတွေ့ရပါတယ်။ အာရှနိုင်ငံတွေမှာတော့ ဒီလို Conditions တွေသတ်မှတ်ထားတဲ့အတွက် ဘယ်နိုင်ငံမှာမှ နိုင်ငံခြားဘဏ်တွေရဲ့Access တွေက Total Banking Access ရဲ့ ၂၅ ရာခိုင်နှုန်းကို မကျော်တာတွေ့ရပါတယ်။ ကျွန်တော်တို့ကတော့ Balance အများကြီးယူရပါတယ်။ ပြည်တွင်းဘဏ်တွေကိုလည်း Over Protection မဖြစ်အောင်လို့ ပြည်တွင်းလုပ်ငန်းရှင်တွေကလည်း အဆင်ပြေအောင်လုပ်ရတာ ဖြစ်ပါတယ်။

အဆိုပါ နိုင်ငံခြားဘဏ်များလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်အနေဖြင့် **နိုင်ငံခြားဘဏ် တစ်ဘဏ်ချင်း၏ ဘဏ်ခွဲတစ်ခုကို တစ်နေရာတည်း၌သာ ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်ကြောင်း၊ လက်ကားဘဏ်လုပ်ငန်းကိုသာ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ပြီး လက်လီဘဏ်လုပ်ငန်းကို ကနဦးလုပ်ကိုင်ခွင့်မပြုကြောင်း၊ နိုင်ငံခြားဘဏ်များအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများနှင့် ပြည်တွင်းဘဏ်များကို ငွေချေးရန်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုမ္ပဏီများကို ငွေချေးရာတွင် ပြည်တွင်းဘဏ်များမှတစ်ဆင့်သော်လည်းကောင်း၊ ပြည်တွင်းဘဏ်များနှင့်ပူးပေါင်း၍ Syndicated Loan အနေဖြင့်သော်လည်းကောင်း ငွေချေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားဘဏ်တစ်ဘဏ်လျှင် အနည်းဆုံးမတည်ငွေ အမေရိကန်ဒေါ်လာ ၇၅ သန်းကို ယူဆောင်လာရမည်ဖြစ်ပြီး ၎င်းမတည်ငွေ၏ ရာခိုင်နှုန်းတစ်ခုအား Lock-in လုပ်ထားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ ပြန်လည်ထုတ်ယူသွားခြင်းကို တားမြစ်ထားမည်ဖြစ်ကြောင်း** သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ သတင်းကြေညာချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁**

၁။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့သည့် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် အဆိုပြုလွှာများအရ နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့သည် အဆိုပြုလွှာတစ်ခုချင်းကို အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ အသေးစိတ် စိစစ်အကဲဖြတ်ခဲ့ပါသည်။ စိစစ်သုံးသပ်အကဲဖြတ်ခြင်းများကို သေချာစွာ ဆောင်ရွက်ပြီးနောက် နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့အနေဖြင့် နိုင်ငံခြားဘဏ်ကိုးဘဏ်အား မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်လုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကနဦးအတည်ပြုချက်အား ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ အောက်ပါအက္ခရာစဉ်အရ ဖော်ပြထားသောဘဏ်များသည် ကနဦး အတည်ပြုချက်အား ရရှိပါသည်-

(က) Australia and New Zealand Banking Group Limited (ANZ)
(ခ) Bangkok Bank
(ဂ) Bank of Tokyo-Mitsubishi UFJ(BTMU)
(ဃ) Industrial and Commercial Bank of China (ICBC)
(င) Malayan Banking Berhad (Maybank)
(စ) Mizuho Bank
(ဆ) Oversea-Chinese Banking Corporation(OCBC)
(ဇ) Sumitomo Mitsui Banking Corporation(SMBC)
(ဈ) United Overseas Bank(UOB)

၂။ ရွေးချယ်ခံရသည့် နိုင်ငံခြားဘဏ်များသည် မိမိတို့၏ အဆိုပြုလျှောက်လွှာ (RFP)တွင် ဖော်ပြခဲ့သည့် ကတိကဝတ်များကို ကနဦးအတည်ပြုချက်ရရှိပြီး (၁၂)လအတွင်း ပြီးမြောက်အောင်မြင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့မှစ၍ ဘဏ်လုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ အထက်ပါအချက်များအား ပြည့်စုံစွာ လိုက်နာဆောင်ရွက်မှုအပေါ် မူတည်၍ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ကိုယ်စားနိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့က နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခဲ့သည့် ဘဏ်များအားလုံးအား အထူးပင်ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ လျှောက်ထားခဲ့သည့် ဘဏ်များအားလုံးအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဟု နိုင်ငံခြားဘဏ်များ ရွေးချယ်ရေးအဖွဲ့ကမျှော်လင့်ပါသည်။

**နိုင်ငံခြားဘဏ်များရွေးချယ်ရေးအဖွဲ့**

# ဈေးတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်စဉ် ရွှေတုံးတွေ့ရှိ

**ပြင်ဦးလွင် အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၀) ရတနာလမ်း ကားကြီးဝင်းမြောက်ဘက် (ယခင် သချိုင်းဟောင်း)မြေနေရာတွင် သီရိရတနာဈေးသစ် တည်ဆောက်ရေးလုပ်ငန်းတွင် မြေထိုး၊ မြေညှိ၊ မြေဖို့ခြင်းကို ယင်းဈေးမြေနေရာ၏အရှေ့မြောက်ထောင့်မှ စက်ယန္တရားဖြင့် သယ်ယူပြီး အလုပ်သမားသုံးဦးက မြေဖြန့်ဆောင်ရွက်ရာ အလျား သုံးလက်မ၊ အနံ တစ်လက်မ၊ ဒု သုည ဒသမ ၅ စင်တီမီတာခန့်ရှိ ရွှေဟုယူဆရသော အလေးချိန် ၁၈ ကျပ် ၁၂ ပဲခန့်ရှိ ရွှေတုံးတစ်တုံးကို စက်တင်ဘာ ၂၇ ရက် ညနေ ၃ နာရီခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ရွှေတုံးတွေ့ရှိသူ ဦးသန်းဦး လက်သမား၊ ဦးကျော် (ခ) ဦးအုတ်ကျော် သံချိုသံကွေးနှင့် ဦးဇော်မျိုးထွန်း (၂၅) နှစ် သံချိုသံကွေးတို့သည် ဈေးတည်ဆောက်ရေးဝင်းအတွင်းရှိ အုတ်ရေကန်တွင် ရေဆေးပြီးကြည့်ရာ ရွှေဖြစ်ကြောင်း သေချာစွာမသိသဖြင့် ဈေးတည်ဆောက်ရေးလုပ်ငန်းမှ ကန်ထရိုက် ဦးသန်းနိုင်ထံ သွားရောက်ပြသရာ ၎င်းမှတစ်ဆင့် ဈေးတည်ဆောက်ရေး အင်ဂျင်နီယာ ဦးဇော်ဇော်ထံ ဆက်လက်အပ်နှံခဲ့ကြောင်း သိရသည်။

ရွှေတုံးတွေ့ရှိမှုနှင့် ပတ်သက်ပြီး စက်တင်ဘာ ၂၉ ရက် နံနက်တွင် ပြင်ဦးလွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးထံ သတင်းပို့ခဲ့ရာ ရွှေတုံးအား လက်ခံသိမ်းဆည်းထားသူ ဦးဇော်ဇော်က မြို့နယ်အဖွဲ့ရှေ့တွင် ပြသပြီး မြို့နယ်အဖွဲ့က စိစစ်ဆောင်ရွက်ခဲ့သည်။ တွေ့ရှိသော ရွှေတုံးသည် အလေးချိန်၁၈ ကျပ် ၁၂ ပဲ၊ ရွှေအရည်အသွေး ၂၄ ဒသမ ၉၀၀ ကာရက်၊ ကာလတန်ဖိုးကျပ် ၁၁၇၅၄၀၀၀ ယနေ့ရွှေပေါက်ဈေး ငွေကျပ် ၆၅၃၀၀၀ဖြင့် တွက်ချက်ခြင်းဖြစ်ပြီး ၎င်းအတုံး ပေါ်တွင် NATIONAL BANK OF INDIA : 24.900 : MOCATTA & GOLDSMID BULLION BROKERS - LONDON ဟု စာတန်းပါရှိကြောင်း သိရသည်။ **(၅၈၁)**



# မေ့စရာရှားလွန်းလို့

ပန်းချီ ဝင်းမြင့်မိုး

မန္တလေးအမျိုးသားဇာတ်ရုံကြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုကပွဲကပြမည့်အကြောင်း သိလိုက်ရသည့်အတွက် ဝမ်းသာကြည်နူးခြင်းနှင့်အတူ ကျွန်တော့်စိတ်တို့သည် အတိတ်ဆီသို့ အပြေးကလေး ရောက်ရှိသွားတော့သည်။

ကျွန်တော်သည် ၁၉၇၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုကဇာတ်ဌာနခွဲတွင် ပန်းချီဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ကဇာတ်ကပြရာ နေရာတိုင်း သွားလေရာပါခဲ့ရသည်။ သဘင်သည် မဟုတ်သော်လည်း သဘင်ကို ခင်တွယ်ခဲ့လေသည်။ ထိုစဉ်က ယဉ်ကျေးမှုကဇာတ်ဌာနခွဲသည် နားနေရသည် မရှိ။ ပြည်နယ်၊ တိုင်းများ၏ တောင်းဆိုမှု၊ ပြည်ပချစ်ကြည်ရေးခရီးစဉ်များတွင် သွားရောက်ဖျော်ဖြေတင်ဆက်ရမှု စသည်တို့ကြောင့် ပွဲချိုပွဲကူးကြမ်းသော ကာလများဟု ဆိုချင်သည်။ ကျွန်တော်တို့ ယဉ်ကျေးမှု ကဇာတ်ဌာနတွင် ကဇာတ်အဖွဲ့(၁)နှင့် အဖွဲ့(၂)အဖွဲ့ဟု နှစ်ဖွဲ့ရှိသည်။ ကဇာတ်အဖွဲ့(၂)မှ ကျိုက္ကဆံကွင်း ပြည်ထောင်စုနေ့ပွဲတော်အတွက် ဇာတ်ထုပ်အသစ်များ ဇာတ်တိုက်လေ့ကျင့်နေစဉ် ကျွန်တော်အပါအဝင် ကဇာတ်အဖွဲ့(၁)က ကယားပြည်နယ်နေ့ ကျင်းပရာ ပြည်နယ်မြို့တော် လွိုင်ကော်သို့ ချီတက်ရန် ပြင်ဆင်ကြရသည်။

၁၉၈၀ ခုနှစ်ကဖြစ်သည်။ အဖွဲ့ဝင် ၁၂၀ ခန့်ပါဝင်သော ကျွန်တော်တို့ ကဇာတ်အဖွဲ့သည် ဇာတ်သေတ္တာကြီးများ တင်ဆောင်၍ TE ကားကြီးများဖြင့် ရန်ကုန်မြို့မှ နံနက် ၆ နာရီခန့်တွင် လွိုင်ကော်မြို့သို့ စတင်ခရီးထွက်ခဲ့ကြသည်။ ကားကြီးများသည် မနားတမ်းတောက်လျှောက်မောင်းနှင်ခဲ့ရာ ညနေ ၆ နာရီတွင် ရှမ်းပြည်နယ် ကလောမြို့သို့ ရောက်ရှိခဲ့ပြီး ထိုမြို့တွင် အားလုံးညအိပ်ရပ်နားကြသည်။ ထိုစဉ်က ကဇာတ်အဖွဲ့ (၁)အတွက် အဝတ်အစားပစ္စည်းထိန်းတာဝန်ခံမှာ ကိုဟန်ညွန့်၊ ကျွန်တော်နှင့် အတူစားအတူသွား လုပ်ဖော်ကိုင်ဖက် သူငယ်ချင်း၊ မျောက်ရီပျိုးစ ညနေစာစားရန် ထမင်းဆိုင်သို့အထွက် ဆိုင်းမဆင့်ဗုံမဆင့် ကျွန်တော့်ကို "သူငယ်ချင်း ငါ့ဇာတ်သေတ္တာတစ်လုံး ရန်ကုန်မှာ ကျန်ခဲ့တင်ထင်တယ်"လို့ ဇဝေဇဝါ စကားစလေရာ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ထိုစကားကြားသည်နှင့် ကိုဟန်ညွန့်နှင့်အတူ ကျွန်တော်ပါ ညစာမစားနိုင်တော့ပါ။ "ဇဝေဇဝါ" ဟူသည် "မသေချာ" သည့်သဘော ရာနှုန်းပြည့်စိတ်မချရ၊ သို့ဖြစ်၍ ကျွန်တော်နှင့်သူ လက်နှိပ်ဓာတ်မီးများဖြင့် ဇာတ်သေတ္တာတင်လာသည့် ကားများပေါ်သို့ တက်ရောက်ရှာဖွေခဲ့သည်။ မတွေ့၊ ကားပေါ်မှ ဇာတ်သေတ္တာများ ပြန်ချလှန်လှောရှာဖို့ကလည်း မဖြစ်နိုင်။ သို့နှင့် ကျွန်တော်တို့အဖွဲ့ နံနက်မိုးလင်းတွင် ကလောမှခရီးဆက်ခဲ့ကြသည်။ ဖယ်ခုံ၊ ပင်လောင်း၊ မိုးဗြဲဒေသများကို တစ်တောဝင် တစ်တောင်ထွက် ဝေ့ကာဝိုက်ကာ လိုက်ပါလာရင်း လမ်းဘေးဝဲ၊ ယာမှ ရှမ်းပြည်နယ်၏ လှေကားထစ်စိုက်ခင်းများနှင့် သာယာလှပမှုကို တစ်ဝကြီးခံစားလိုသော်လည်း စိတ်ကမဖြောင့်၊ သူငယ်ချင်းကိစ္စဖြစ်သော်လည်း ကိုယ့်ကိစ္စလို ခံစားနေရသည်။ ကိုဟန်ညွန့်ပြဿနာက ခေါင်းထဲဝင်ဝင်လာသည့်အတွက် စိတ်ကနောက်၊ ကားပေါ်တွင် အရုပ်ကြိုးပြတ်ကဲ့သို့ လိုက်ပါလာရင်း လွိုင်ကော်မြို့သို့ ရောက်မှန်းမသိ ရောက်ခဲ့လေတော့သည်။



လွိုင်ကော်မြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်းတွင် ဌာနဆိုင်ရာ ပြခန်းအဆောက်အအုံများ၊ ဈေးဆိုင်တန်းများ၊ ပြည်နယ်ယဉ်ကျေးမှုကဇာတ်ရုံကြီးနှင့် ယိမ်းကနေသည့် အလား လေထဲတွင် တဖျပ်ဖျပ် ရိုက်ခတ်နေသည့် ရောင်စုံအလံများက ကျွန်တော်တို့ ယဉ်ကျေးမှုကဇာတ်အဖွဲ့ယာဉ်တန်းကြီးကို ကြိုဆိုနေသယောင်။ ထိုမြင်ကွင်းနှင့်အတူ လွတ်လပ်ရေးကျောက်တိုင်စင်မြင့်ထက်မှ ကျက်သရေရှိလှသော၊ သာယာနာပျော်ဖွယ်ကောင်းလှသော သီချင်းသံသည် နားထဲသို့ စိမ့်ဝင်လာလေသည်။

"တစ်တိုင်းပုံသဏ္ဍာန်ကာယံနေသပ. . . တောင်တန်းတောင်ထွတ်တွေ. . . လွိုင်ကော်မြေအလှကျက်တိုး. . . တိုး. . တစ်မိုးတစ်မြေ. . . ." (တစ်မိုးတစ်မြေ)

အဆိုတော် သန်းသန်းမေ၏"တစ်မိုးတစ်မြေ"သီချင်းသံသည် ပြည်နယ်နေ့ကျင်းပမည့် ကွင်းကြီးတစ်ခုလုံး လွှမ်းခြုံထားရာ သွေးချင်းတို့တည်ရှိရာ ကယားပြည်နယ်ဒေသအလှအပကို ကွက်ကွက်ကွင်းကွင်း အထင်းသားမြင်လာအောင် ဖော်ညွှန်းစပ်ဆိုပေးသူ အလင်္ကာကျော်စွာ ရွှေပြည်အေးနှင့် အဆိုရှင်ကို အထူးပဲ လေးစားမိသည်။ သီချင်းသံ၏ ဆွဲခေါ်ရာနောက်သို့ စီးမျောသွားသော်လည်း ကြာကြာမခံစားနိုင်၊ ရန်ကုန်မှာကျန်ခဲ့သည့် ဇာတ်သေတ္တာကြီးကိစ္စက နှောင့်ယှက်နေပြန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဇာတ်သေတ္တာထဲတွင် ဇာတ်ကြီးအဝတ်အစားများဖြစ်သည့် ရှင်ဘုရင်၊ စစ်သူကြီး၊ ဝန်၊ နန်းတွင်းအဝတ်အစားများ ပါရှိနေသည့်အတွက် ထိုဝတ်စုံများမပါလျှင် ဘယ်မှပြေးရှာ၍မရနိုင်၊ မကရုံသာရှိတော့မည်။ မကြာမီ ဇာတ်ရုံနောက်သို့ ဇာတ်ကားများဆိုက်ရောက်ခဲ့သည်။ ကျွန်တော်တို့အဖွဲ့အား ပြည်နယ်ဧည့်ခံကြိုဆိုရေးအဖွဲ့တာဝန်ခံ ဦးခင်ညို(စာရေးဆရာပြည်ခင်ညို)က ကြိုဆိုနေရာချထားပေးသည်။ ယင်းခရီးစဉ်သည် ကျွန်တော်တို့နှင့်မစိမ်း။ ဖျော်ဖြေရေးအဖြစ် မကြာခဏရောက်ခဲ့သောဒေသဖြစ်သည်။ ရောက်ရောက်ချင်း အဝတ်အစားသေတ္တာများကို အရင်ချရသည်။ ကိုဟန်ညွန့်ကားပေါ်တက်၍ အလုပ်သမားများနှင့်အတူ သေတ္တာများချ လှန်လှောရှာသော်လည်း မတွေ့၊ ပါမလာသည်မှာ သေချာသွားပြီ။ ကိုဟန်ညွန့်နှင့်အတူ ကျွန်တော်ပါ ငယ်ထိပ်မြွေပေါက် ခေါင်းမီးတောက် မျက်နှာတွေမှာ သွေးရောင်ပျောက်စပြုလေပြီ။ ကျွန်တော်တို့အပူကို ဘယ်သူမှကူ၍ ငြိမ်းပေးနိုင်မည်မထင်။

ထိုအချိန် ကျွန်တော့်ခေါင်းထဲသို့ ဖျတ်ခနဲ အကြံတစ်ခုဝင်လာ၍ ဆရာဦးခင်ညိုကို ရန်ကုန်-လွိုင်ကော်လေယာဉ်ပတ်ကို မေးကြည့်ရာ သန်ဘက်ခါညနေ ၅ နာရီတွင် ရန်ကုန်မှ လေယာဉ်လာဖို့ရှိသည်ဆို၏။ ထိုသန်ဘက်ခါသည် ပွဲစကမည့် ည၊ ကျွန်တော်တို့ယဉ်ကျေးမှုကဇာတ်အဖွဲ့သည် ပွဲမကမီ ကြိုတင်ပြင်ဆင်ရသည်။ ဆက်တင်မီးများတပ်ဆင်ခြင်း၊ ဇာတ်ဝင်ခန်းများမီးချိန်ခြင်း စသည့် အဆင့်ဆင့်ပြုလုပ်ပြီးမှ ကပြကြရသည်။ သို့အတွက် ကိုဟန်ညွန့် ပြဿနာဖြေရှင်းဖို့ရာ မျှော်လင့်ချက်ရောင်ခြည်လေး၊ အသက်ရှူပေါက်လေး ရလာသည်ဟုဆိုရမည်။ အဆင်ပြေနိုင်စရာရှိသည့်အတွက် အဖွဲ့အုပ်ချုပ်သူဆရာကြီးဦးမောင်ကိုအား ကျွန်တော်တင်ပြ၍ ရန်ကုန်သို့ ချက်ချင်းဖုန်းဆက် အနီးကပ်ဆုံးလေယာဉ်နှင့် ထိုသေတ္တာကို ပို့ပေးရန် စီစဉ်ခဲ့သည်။ ကိုဟန်ညွန့်လုပ်ချပုံများ တစ်စတစ်စဖြင့် ဇာတ်တစ်ဖွဲ့လုံးသိသွားသည့်အခါ မျက်နှာမကောင်းကြ၊ ကောင်းတူဆိုးဖက် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား အနုပညာမိသားစုများဖြစ်သည့်အတွက် သေတ္တာ ကိစ္စ ရတက်မအေး။

ပွဲစကမည့်ညနေ ကျွန်တော်၊ ကိုဟန်ညွန့်နှင့် စစ်ဦး(စီမံအဖွဲ့) ထိုဇာတ်သေတ္တာရွေးရန် အပြေးအလွှားသွားကြရာ ခလုတ်များပင် တိုက်သူကတိုက်၊ ဖော်ကာလေယာဉ်သည် သိပ်မကြီးလှ၊ လေယာဉ်ပေါ်မှ ပစ္စည်းများချလာသောအခါ ပြူးပြဲရှာရသည်။ "ယဉ်ကျေးမှုကဇာတ်အဖွဲ့ ခေတ္တ လွိုင်ကော်မြို့"ဆိုသော စာလုံးကြီး ကပ်ထားသည့် သေတ္တာမှာ သေးသေးကွေးကွေးမဟုတ်။ ကျွန်တော်တို့ အားလုံး မြင်လိုက်မှ အလုံးများ ကျသွားလေတော့သည်။ အဖွဲ့သားများ ပျော်လိုက်ကြသည်ဖြစ်ခြင်း၊ အပျော်ဆုံးနေ့တွေထဲမှာ "ကိုဟန်ညွန့်ဇာတ်သေတ္တာပါလာသောနေ့"ကို ထည့်ရမလို၊ ခုမှ အားလုံးရယ်နိုင်ကြသည်။

"မေ့စရာရှားလို့ကွာ၊ သေးသေးကွေးကွေးမဟုတ်၊ ဒီလောက်အကြီးကြီးကိုမှ မေ့ရသလား ဟန်ညွန့်ရေ"ဟု ကျွန်တော် အားပါးတရ အော်ဟစ်လိုက်မိတော့သည်။ ဇာတ်စင်တွင် မျောက်ရီပျိုးသည်နှင့် ကပြမည့်ဇာတ်အဖွဲ့သားများမှာ မိတ်ကပ်လိမ်းသူက လိမ်း၊ ဇာတ်ဝင်ပစ္စည်းထုတ်သူကထုတ်၊ ဆိုင်းဆရာများလည်း အလုပ်ရှုပ်နေရင်း တစ်ဖက်က ဇာတ်သေတ္တာကြီးကို ရင်တမမ မျှော်နေကြပြန်သည်။ ကျွန်တော်တို့ လေဆိပ်သွားကြိုသည့်အဖွဲ့ သေတ္တာကြီးနှင့်အတူ အမိုးဖွင့်ဂျစ်ကားဖြင့် ပြန်ရောက်လာသောအခါ ကပြမည့်အဖွဲ့သားများ အလုပ်ရှုပ်နေကြသည့်ကြားမှ လက်ခုပ်လက်ဝါးတီးပြီး ကြိုသူကကြို၊ ထခုန်သူကခုန်၊ ထိုညကပြရာတွင် ရှေ့ပိုင်းအကပဒေသာများနှင့်အတူ "သိရိဝံသ" ဇာတ်တော်ကြီးကို အပူအပင်ကင်းစွာ၊ လမိုင်းကပ်စွာ ကပြကြလေတော့သည်။ ဇာတ်ခုံကန့်လန့်ကာနောက်ကွယ်မှ ဖြစ်ရပ်များသည် တစ်ခါတစ်ရံ ရင်ဖိုစရာကောင်းလှ၏။ အသည်းထိတ်စရာ ကောင်းလှ၏။ ထိုအဖြစ်များကို ပရိသတ်များကား သိကြမည်မထင်။ ။

## ပြည်သူ့လွှတ်တော်ရုံး
## ပရိဘောဂပစ္စည်းများဝယ်ယူရန်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့လွှတ်တော်ရုံးတွင် အသုံးပြုရန် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂ(၁၅)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (၁) | အရာရှိကြီးစားပွဲ (6' x 4' x 2.6") | ၇ လုံး |
| (၂) | အရာရှိလတ်စားပွဲ (5' x 3' x 2.6") | ၆၃ လုံး |
| (၃) | အရာရှိငယ်စားပွဲ (5' x 3' x 2.6") | ၉၃ လုံး |
| (၄) | ဒုတိယဦးစီးမှူးစားပွဲ (5' x 3' x 2.6") | ၉၄ လုံး |
| (၅) | စာရေးစားပွဲ (4' x 2.6" x 2.6") | ၁၃၂ လုံး |
| (၆) | ကွန်ပျူတာစားပွဲ | ၆၇ လုံး |
| (၇) | ကွန်ပျူတာကုလားထိုင် | ၆၇ လုံး |
| (၈) | အရာရှိကြီးကုလားထိုင် | ၇ လုံး |
| (၉) | အရာရှိလတ်ကုလားထိုင် | ၆၃ လုံး |
| (၁၀) | အရာရှိငယ်ကုလားထိုင် | ၉၃ လုံး |
| (၁၁) | စာရေးကုလားထိုင် | ၉၄ လုံး |
| (၁၂) | မီးခံသေတ္တာ | ၄ လုံး |
| (၁၃) | ဖိုင်တင်စင် | ၁၅၉ လုံး |
| (၁၄) | စာတွဲတင်စင် | ၁၈ လုံး |
| (၁၅) | သံဗီရို | ၆၉ လုံး |

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၁၃-၁၀-၂၀၁၄ ရက်မှ ၁၇-၁၀-၂၀၁၄ ရက်အထိ ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီထိ

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၇-၁၀-၂၀၁၄ ရက် ၁၆း၃၀ နာရီ

တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံး နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံ(၁)စုံလျှင် ၁၀၀၀၀ိ/-(တစ်သောင်းကျပ်တိတိ)နှုန်းဖြင့်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ၀၆၇-၅၉၁၁၇၆ နှင့် ၀၆၇-၅၉၁၂၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
ပြည်သူ့လွှတ်တော်ရုံး

စေတနာရှင်... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
မဲလံ-ကျောက်ပိရဟန္တာ၊ ကျိုက်ထီးဆောင်း၊ ကုသိနာရုံ၊ ကေလာသ၊ မြသပိတ် (နေ့စဉ်)
အင်းလေး(ဖောင်တော်ဦးပွဲ)၊ တောင်ကြီး၊ ကက္ကူ၊ ထမ့်စမ်း (၅)ရက်။
ပုပ္ပါး ပုဂံ (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်)၊ ပခုက္ကူ (၄)ရက်။
မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ ..... (၃)ရက်။
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် (၆)ရက်။
Oct 6,7,10,17,24
တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်
Nov 5
၂၈၀၊ ပ-ထပ်၊ ၃၉လမ်း၊ (အထက်) 392704, 09 50 66657, 09 73017110

GOLDEN STAR Travels & Tours
☆ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး Oct-3,7
☆ မန္တလေး-ပြင်ဦးလွင် ခရီးစဉ်
☆ တောင်ကြီး-အင်းလေး-ပင်းတယ
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)
Ph: 209200, 430480, 544383, 703448, 09-5046000

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## လေလံကြော်ငြာ

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် လမ်းမတော်မြို့နယ်၊ ပြည်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်၊ မင်းရဲကျော်စွာ စီးပွားရေးအဆောက်အအုံစီမံကိန်းမှ အောက်ဖော်ပြပါ အဆောက်အအုံများ လေလံတင်ရောင်းချခြင်းကို ၂၉-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

(က) Lot 1- 5 Storyed Shop House Type B (၁)လုံး= ၆၆၇၁ စတုရန်းပေ
(ခ) Lot 2- 5 Storyed Shop House Type A4 (၁)လုံး= ၇၈၉၁ စတုရန်းပေ
(ဂ) Lot 3- 3 Storyed Commercial Building Block A ၏ Level-1=၆၀၀၀၀ စတုရန်းပေ
(ဃ) Lot 4- 3 Storyed Commercial Building Block A ၏ Level-2= ၄၇၇၈၄ စတုရန်းပေ
(င) Lot 5-3 Storyed Commercial Building Block A ၏ Level-3= ၄၇၇၈၄ စတုရန်းပေ

၂။ လေလံစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး၊ ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဉ္စမထပ်တွင် ရုံးချိန်အတွင်းဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၇-၁၀-၂၀၁၄ ရက်(တနင်္လာနေ့)၊ မွန်းလွဲ ၂ နာရီအထိ ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အင်ဂျင်နီယာဌာန(အဆောက်အအုံ)တယ်လီဖုန်းအမှတ်-၀၁-၃၇၄၃၆၆၊ ၀၁-၃၇၈၁၅၇၊ ၀၁-၃၇၄၀၇၇ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ဦးအောင်နိုင်
ရွှေတံဆိပ်ဆုရှင်-CPA
B.Com(Q),CPA,FLCCI(London-UK),DA(LCCI-UK),FFA(IFA-UK)
LCCI Level I, II, III
စာရင်းကိုင်သင်တန်းများ
ကျောင်းအပ် လက်ခံပြီ
၂၄၄၊ တတိယထပ်၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်း(ထက်)။
Ph 01-377 610, 09 730 99 752, 09 730 66 231, 09 320 60060

# MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

## အစုရှယ်ယာများရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းကိစ္စများ ဆောင်ရွက်ရန် Over-The-Counter (OTC) အစီအစဉ် ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် အနေဖြင့်ကုမ္ပဏီ၏အစုရှယ်ယာများကို ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် လွှဲပြောင်းခြင်းကိစ္စများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် Over-The-Counter(OTC) အစီအစဉ်ကို **၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ဗုဒ္ဓဟူးနေ့)** မှစတင်၍ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၂၉)၊ UMFCCI Tower၊ အခန်းနံပါတ် (၁၁၀၃)၊ ၁၁ လွှာရှိမြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် ရုံးခန်း၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ အစုရှယ်ယာများ လွှဲပြောင်းရာတွင် ဆောင်ရွက်ရမည့် သိသင့်သိထိုက်သည့် အချက်အလက်များကို ကုမ္ပဏီ၏ Website ဖြစ်သည့် www.mtshmyanmar.com တွင် လေ့လာ ကြည့်ရှုနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်**




# အထူးကုဆရာဝန်ကြီးများမြင်းမူတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြင်းမူ၊ အောက်တိုဘာ ၁**

စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကြည်ကြည် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ မြင်းမူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ကြီး၊ ခွက်ခွင်းတိုက်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများသည် စက်တင်ဘာ ၂၇ ရက်က မြင်းမူမြို့နယ်၊ ခွက်ခွင်းကျေးရွာအုပ်စုတွင် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။



အဆိုပါ အထွေထွေကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ၊ အရိုးအကြောအထူးကုဆရာဝန်ကြီးများ၊ အရေပြားအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများနှင့် ကလေးအထူးကု ဆရာဝန်ကြီးများက ခွက်ခွင်းကျေးရွာအုပ်စု၊ ဆပ္ပာကျင်းကျေးရွာအုပ်စုနှင့် ငါးကင်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၂၀၆ ဦးအား မျက်စိ၊ သွား၊ အရိုး၊ အကြော၊ အရေပြား၊ ခွဲစိတ်၊ သားဖွားမီးယပ်ဆိုင်ရာရောဂါများကို စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြပြီး ဆေးဝါးများလည်း ထောက်ပံ့ပေးခဲ့ကြကြောင်း သိရသည်။

မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ**

# ကြက်ခြေနီနည်းပြသင်တန်း ပထမအကြိမ် ဖွင့်လှစ်

**မိတ္ထီလာ၊ အောက်တိုဘာ ၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) တို့ ပူးပေါင်း၍ မိတ္ထီလာခရိုင်အတွင်း ကြက်ခြေနီနည်းပြသင်တန်းကို ပထမဆုံးအကြိမ်အဖြစ် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရုံးတွင် စက်တင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

"ဒေသအတွင်း ကြက်ခြေနီလုပ်ငန်းတွေကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ဖို့နဲ့ စေတနာလုပ်အားရှင်ကြက်ခြေနီအင်အား ပိုမိုကောင်းမွန်လာစေဖို့ ရည်ရွယ်ပြီးတော့ မိတ္ထီလာခရိုင်မှာ ပထမဆုံးကြက်ခြေနီနည်းပြသင်တန်းကို ဖွင့်လှစ်ပို့ချတာပါ။ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များက သင်တန်းသား၊ သင်တန်းသူ ၃၁ ဦး သင်တန်းတက်ရောက်ပါတယ်။ ခရိုင်အတွင်း မြို့နယ်လေးမြို့နယ်က မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေကို နည်းပြသင်တန်းပို့ချပေးတာဖြစ်ပြီး သူတို့ကနေတစ်ဆင့် ဆင့်ပွားသင်တန်းတွေ ပြန်လည်ပို့ချပေးနိုင်တဲ့အထိ ရှေးဦးပြုစုခြင်းဘာသာ၊ သင်ကြားပို့ချခြင်း ဘာသာရပ်၊ လူထုအသွင်ဖြင့် စည်းရုံးလှုံ့ဆော်ဆောင်ရွက်ခြင်းစတဲ့ ဘာသာရပ်တွေကို စာတွေ့လက်တွေ့သင်ကြားပေးပါတယ်"ဟု မိတ္ထီလာ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ခရိုင်ဦးစီးမှူး ဒုတိယတန်း ဦးနေဦးက ပြောသည်။

အဆိုပါသင်တန်းတွင် ဦးနေဦးနှင့်အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သင်တန်းနည်းပြများ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှအဖွဲ့ဝင်များက စာတွေ့လက်တွေ့ သင်ခန်းစာများ ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မြန်မာ့စီးပွားရေးဘဏ်(သိမ်ကြီးဈေး) ငွေပို့ငွေလွှဲ ငွေထုတ်ယူခြင်းများ လွယ်ကူစွာ ဆောင်ရွက်နိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

ငွေကြေးစီးဆင်းမှု လျင်မြန်စွာ လွယ်ကူစေရေးနှင့် ငွေကြေးလည်ပတ်သုံးစွဲလျက်ရှိသည့် ပြည်သူများ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို စိတ်ချမ်းမြေ့စွာ ရရှိနိုင်စေရေးအတွက် ငွေပို့ငွေလွှဲနှင့်ငွေထုတ်ယူခြင်းလုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်(သိမ်ကြီးဈေး) ငွေလွှဲဌာနမှ တစ်ဆင့် မြန်မာနိုင်ငံအရပ်ရပ်သို့ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

"ငွေကြေးသုံးစွဲသူ ပြည်သူတွေအနေနဲ့ ငွေလွှဲပို့တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ ငွေထုတ်ယူတဲ့အခါမှာပဲဖြစ်ဖြစ်၊ အခြားမြန်မာ့စီးပွားရေးဘဏ်ခွဲတွေကို တကူးတက သွားစရာမလိုဘဲ ရန်ကုန်မြို့လယ်မှာရှိတဲ့ သိမ်ကြီးဈေး တစ်ဝိုက်ကနေ အနယ်နယ်အရပ်ရပ်ကို ဖက်စ်စနစ်နဲ့ အချိန်တိုအတွင်း ငွေလွှဲပို့ထုတ်ယူနိုင်မှာဖြစ်ပါတယ်"ဟု သိမ်ကြီးဈေးငွေလွှဲဌာန တာဝန်ခံက ပြောကြားသည်။

မြန်မာ့စီးပွားရေးဘဏ်(သိမ်ကြီးဈေး) ငွေလွှဲဌာနမှ အောက်တိုဘာ ၂ ရက်မှစတင်ကာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကာ နိုင်ငံတစ်ဝှမ်းရှိ ဘဏ်ခွဲပေါင်း ၂၇၂ ခု ရှိပြီး ၎င်းဘဏ်များမှ တစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ငွေလွှဲပို့ခြင်း၊ လွှဲဖို့ငွေထုတ်ယူခြင်းတို့ကို အချိန်တိုအတွင်း လွယ်ကူလျှင် မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(နေသစ်ဦး)**

# ရွှေပြည်သာမြို့နယ်တွင် အာဟာရပြည့်ဝ အစားအစာများပြိုင်ဆင်ချက်ပြုတ်ပြသ

**ရန်ကုန်၊ အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပပြုလုပ်သော အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမရှိ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁) ရွှေပြည်သာ ရတနာခန်းမကြီး၌ စက်တင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က စည်ကားစွာ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားပြီးနောက် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး မိခင်နှင့်ကလေးဆရာဝန်ကြီး ဒေါက်တာစန္ဒာက အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာသိကောင်းစရာများကို အသိပညာပေးဟောပြောကာ၊ ရွှေပြည်သာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမိမိခိုင်က အာဟာရနှင့်စပ်လျဉ်းသည့် မှတ်သားဖွယ်ရာများကို ရှင်းလင်းဟောပြောပို့ချပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော်များက ငါးနှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ နို့တိုက်မိခင်များအား အာဟာရပြည့်အစားအစာနှင့်တကွ ဆေးဝါးများကို တစ်ဦးချင်းပြည့်စုံစွာ ဝေငှပေးပြီးနောက် အာဟာရပြည့်ဝမျှတသည့် အစားအစာများ လက်တွေ့သရုပ်ပြ ချက်ပြုတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အာဟာရပြည့်ဝမျှတသည့်အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်းအခမ်းအနား အောင်မြင်စွာပြီးစီးကြောင်းသိရသည်။ **မောင်ယဉ်ဦး(နေဖြူ)**

## (၂၁)ကြိမ်မြောက် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ၊ အောက်တိုဘာ ၁**

(၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြစ်သာခန်းမတွင်ကျင်းပရာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဂန့်ဂေါမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးပြီး ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ပဒေသာကပွဲများဖြင့် ဖျော်ဖြေတင်ဆက်ပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုမြို့နယ်များမှ ပြိုင်ပွဲဝင် ၁၉ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြ၍ ဆုပေးပွဲကို ညနေပိုင်းတွင်ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(၄၆၅)**


**Rising Tide Travel & Tours**

တောင်ကြီး ဖောင်တော်ဦး ခရီးစဉ် (၃ညအိပ်-၄ရက်) တစ်ဦးလျှင် ၁၁၀,၀၀၀ကျပ်
ပုဂံ၊ မန္တလေး မြင်ဦးလွင် ခရီးစဉ် (၅ညအိပ်-၆ရက်) တစ်ဦးလျှင် ၁၃၀,၀၀၀ကျပ်
တောင်ကြီးတန်ဆောင်တိုင်(မီးပုံးပျံပွဲ) (၄ညအိပ်-၅ရက်) တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ထပ်ဆန်း-ရွှေတောင်
Oct ၇ရက် နှင့် / Nov ၅ရက်နေ့များတွင်ထွက်ခွာပါမည်။ Fully air-con bus၊ ဟိုတယ်၊ စားသောက်ဆိုင်၊ Guide နှင့် ပြည့်စုံသော ဝန်ဆောင်မှု ။

| | | |
|---|---|---|
| ဖန်ကောက်-အယုဒ္ဓယ-ပတ္တရား | (၅ညအိပ်-၆ရက်) | Oct 7 ရက် |
| စင်ကာပူသီးသန့် | (၄ညအိပ်-၅ရက်) | Oct 8 ရက် |

StarCruise၊ Maldives၊ ဖူးခက်၊ ဘာလီ၊ ဟောင်ကောင်၊ ဗျဲဂန်၊ ဥရောပ၊ အမေရိကားခရီးစဉ်များ
Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
Pls Contact Us: 09 31 2500 70, 09 430 34 182
e mail: sales@risingtidetravels.com

"အင်းလေးချစ်သူ (Travels & Tours)"
အဆင့်မြင့်ခရီးသွားလုပ်ငန်း
★ အင်းလေးချစ်သူ၏ ရာသီအလိုက်ခရီးစဉ်များ
ပုဂံ၊ ပုပ္ပါး၊ ... (Hotel (2) Night) (Oct-7, Nov-14) 109,000
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ... (Hotel (2) Night) (Oct-17,24) 119,000
★ November လ တန်ဆောင်တိုင်ခရီးစဉ်
တောင်ကြီးမီးပုံးပျံပွဲအထူး (အင်းလေးချစ်သူ Travels & Trous) မှ စိန်နားပန် မီးပုံးပျံလွှတ်မည်)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကက္ကူ၊ ... (Hotel (2) Night) (Oct-31, Nov-2)195,000
အင်းလေးချစ်သူ စိန်နားပန် မီးပုံးပျံနှင့်အတူ ခရီးသွားမိတ်ဆွေများ၊ အေးချမ်းလှသော တောင်ကြီးမြို့ တန်ဆောင်တိုင်ညချမ်း၏ အလှအပများကို ပျော်ရွှင်ရင်ခုန်စွာ ခံစားကြပါစို့။
(Aircon Express ကားများဖြင့် ပို့ဆောင်ပေးမည်)
inlaylover.travelntour@gmail.com/Ph: 09-33412625, 73085550

ပေါ်ပြူလာစတား Travel & Services ပြည်တွင်းခရီးစဉ်
သီတင်းကျွတ်နှင့်တန်ဆောင်တိုင်အထူး ၄ညအိပ်၅ရက်ခရီးစဉ်
တောင်ကြီးခရီးစဉ် - ၁.၃ သိန်း Oct-3, Nov-14
ပြင်ဦးလွင်ခရီးစဉ် - ၁.၃ သိန်း Nov-5
ပုဂံခရီးစဉ် - ၁.၃ သိန်း Nov-5
Scania Bus, 3 Stars Hotel, Special Restaurants
အမှတ်(၇၄)၊ နှံ့သာလမ်း အလုံ၊ ရန်ကုန်။ Ph: 01 2301866, 09-5129134, 09-250154837



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်မြေ၊ မြေကွက်အမှတ် ၂၇၂/က+ခ၊ မြေကွက်တည်နေရာအမှတ် ၂၇၂/က+ခ၊ စောရန်ပိုင်လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်တင်ညွန့် ဦးလှဖေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်တင်ညွန့်(မိခင်)နှင့် ဦးချစ်အောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ၎င်း၏အစုကို တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အုံးမြင့် (၁၂/သကတ(နိုင်)၀၈၅၂၈၀)မှလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှဖေ(ဖခင်)နှင့် ဒေါ်စိန်စိန်(မိခင်)တို့ ကွယ်လွန်သဖြင့် ၎င်း၏အစုကို သမီးများဖြစ်သော ဒေါ်နီနီသန်း (၁၂/သကတ(နိုင်)၁၉၂၉၄၀)နှင့် ဒေါ်အေးမိစံ(၁၂/သကတ(နိုင်)၁၉၂၉၃၉)တို့မှလည်းကောင်း၊ ဒေါ်အုံးမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၆၆၀/၁၄)ဖြင့်၎င်း၊ ဒေါ်နီနီသန်းနှင့် ဒေါ်အေးမိစံတို့ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၆၆၁/၁၄)ရသူ ဦးမြင့်လွင် (၁၂/အစန(နိုင်)၀၃၅၃၆၂)မှ သေတာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁၅)၊ မြေကွက်တည်နေရာအမှတ်-(၁၅)၊ သခင်ဗစိန်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးတင်အောင်(HZA- ၁၅၆၄၆၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အောင် (တရားရှုံး) သဖြင့် ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင် [၁၃/တကန (နိုင်)၀၀၃၄၁၉]က တရားမကြီးမှုအမှတ်-၅၇(၇-၄-၁၄)၊ ဇာရီမှုအမှတ် (၅၇/၂၀၁၄)တို့ကိုတင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
ဝေပုလ္လအိမ်ရာ Shop House
2nd Fl (စတုရန်းပေ ၁၂၅၀)
ခေမာ သီလမ်းမကြီးပေါ်၊
မြောက်ဥက္ကလာပအပိုင်းအနီး။
(သိန်း ၁၃၅၀)
ဖုန်း-၀၁-၃၇၄၃၀၀၊
၀၁-၃၉၅၁၆၃၊ ၀၉-၃၁၁၀၈၂၂၃
အကျိုးဆောင်ခ(၁%)

**အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း**

ကွယ်လွန်သူ ဦးနိုင်ဝင်း [၇/တငန(နိုင်)၀၃၇၂၃၇]ပိုင်ဆိုင်သော အောက်ပါပစ္စည်းများ လမ်းခရီးသွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လက်ခံရရှိထားသူသည် ယင်းပစ္စည်းများကို လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချခြင်း မပြုလုပ်ရန် တားမြစ်လိုက်သည်။
၁။ သယ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဧရာလမ်း၊ အိမ်အမှတ်(၄၆)၊ A-၄လွှာ၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ။
၂။ ရွှေပြည်သာမြို့နယ်၊ သံဒင်းရပ်ကွက်၊ သံဒင်း ၄၅/၁၀၆၄ ၏ မြေပိုင်ဆိုင်မှုစာချုပ်စာတမ်း။
၃။ တောင်ငူမြို့နယ်၊ အုပ်စုအမှတ်(၉)၊ လဲဘူးရွာရှိ လယ်မြေဧက(၁၂.၈၉)၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ။
၄။ တောင်ငူမြို့နယ်၊ လဲဘူးကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာရှိ ပေ(၄၀×၁၈၀) မြေကွက်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ။
ဦးနိုင်ဝင်း
ဖုန်း-၀၉-၅၂၅၁၃၆၉

ဖတ်စရာ

# အပန်းဖြေခရီးထွက်ခြင်းကြောင့် ရရှိမည့် အကျိုးများ

**à ay|ufy|uf**

မကြာခင် တစ်မိုးကုန်လို့ တစ်ဆောင်းဝင်ပါတော့မယ်။ မိုးကုန်ပြီဆိုရင်တော့ မိသားစုတွေနဲ့ အားလပ်ရက်မှာ အချိန်ပေးပြီးတော့ ဟိုနားဒီနားလေးတွေ လျှောက်လည်လို့ရပါပြီ။

'တစ်နေ့ သင်အားအင်ဆုတ်ယုတ်လို့ မကျန်းမာတဲ့အခါမှာ သင့်ကို မငြူစူ မပစ်ပယ်ဘဲ အပြန်အလှန် နားလည်မှုတွေနဲ့ စောင့်ရှောက်ပေးနိုင်တာ သင့်မိသားစုပါ။ ဒါကြောင့် သင်ချစ်တဲ့သူတွေကို သင့်အနားမှာရှိနေစဉ် တန်ဖိုးထားပါ။ ချစ်ခင်ပါ။ လေးစားပါ။ မပစ်ပယ်ပါနဲ့။ လျစ်လျူမရှုပါနဲ့။ လောကဓမ္မတာအရ အကြောင်းအမျိုးမျိုးကြောင့် သေကွဲ၊ ရှင်ကွဲခွဲရတဲ့အခါမှာ နောင်မှတတဲ့ နောင်တ မရမိပါစေနဲ့'

တစ်ခါတစ်ရံမှာ မိမိချစ်ခင်ရတဲ့မိသားစု(သို့မဟုတ်)သူငယ်ချင်းမိတ်ဆွေများနဲ့ အချိန်ပေး၍ အပန်းဖြေခရီးထွက်သင့်ပါတယ်။ ထိုသို့ အပန်းဖြေခရီးထွက်ခြင်းဖြင့် ပုံမှန်လည်ပတ်နေသောဘဝပုံစံမှ ခေတ္တအနားရ၍ အောက်ပါရလဒ်ကောင်းများကို ခံစားရရှိနိုင်ပါလိမ့်မယ်။

(၁) ခရီးမထွက်ခင်ကတည်းကပင် ကြိုတင်မျှော်မှန်း၍ ပြင်ဆင်ရတာကြောင့် ပျော်ရွှင်မှုကိုခံစားရပြီး စိတ်ဖိစီးမှုတွေကို ပြေလျော့စေနိုင်ပါတယ်။

(၂) ခရီးအတူတူထွက်ခြင်းဖြင့် မိသားစုဝင် (သို့မဟုတ်) မိတ်ဆွေတွေနှင့် ချစ်ခင်ရင်းနှီးမှုကို ပိုလာစေပါတယ်။ (ဆယ်ကျော်သက် ခေတ်လူငယ်မြီးကောင်ပေါက်များနှင့် ခေတ်နောက်ပြန်ဆွဲနေသော လူကြီးတို့အကြား အပြန်အလှန်နားလည်မှုရလာကာ ဆက်ဆံရေးချောမွေ့လာစေနိုင်ပါတယ်။)

(၃) ပုံမှန်မြင်တွေ့နေကျ မဟုတ်တဲ့ မြင်ကွင်းအသစ်များက စိတ်လှုပ်ရှားတက်ကြွစေပါတယ်။ ဒါ့ပြင် စိတ်ကြည်လင်လန်းဆန်းလာပြီး စိတ်ကျေနပ်မှုကို ခံစားရစေနိုင်ပါတယ်။ (စိတ်ချမ်းသာမှုကလည်း ကျန်းမာရေးအတွက် ၁၀၀ ရာခိုင်နှုန်းနီးပါး အထောက်အပံ့ဖြစ်စေပါတယ်။)

(၄) သွားလာလှုပ်ရှားရတာကြောင့် ချွေးထွက်ပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေပါတယ်။

(၅) နေရာအသစ်ရဲ့ ဘဝနေထိုင်မှုပုံစံအသစ်နှင့်အတူ အဖိုးမဖြတ်နိုင်တဲ့ ဒေသန္တရ ပတ်ဝန်းကျင်ကို လေ့လာနိုင်တာကြောင့် အသိပညာတိုးပွားစေပြီး၊ အသိအမြင်ပိုကြွယ်ဝလာပါတယ်။

(၆) မစားဖူးသေးသော ဒေသသစ်အစားအစာတွေကို စားသုံးနိုင်ပြီး၊ ချက်ပြုတ်မှုပုံစံကို လေ့လာနိုင်ပါတယ်။

(၇) ဥပမာ ကချင်ပြည်နယ် (သို့မဟုတ်) ကယားပြည်နယ် (သို့မဟုတ်) နိုင်ငံခြားခရီးကို အပန်းဖြေထွက်တယ်ဆိုကြပါစို့။ ဒေသခံ ဘာသာစကားသစ်များကို ဒေသခံကိုယ်တိုင် ပြောဆိုနေသည်ကို မြင်တွေ့ကြားသိရတာကြောင့် သိမ်မွေ့ကွဲပြားနေတဲ့ ဘာသာစကား အသစ်များနှင့်အတူ ဘဝလူနေမှုပုံစံသစ်များကိုပါ လေ့လာနိုင်ပါတယ်။

(၈) အလုပ်အကိုင်အခွင့်အလမ်းတွေ မျက်စိပွင့်နားပွင့်သွားပြီး၊ အဆက်အသွယ်အသစ်များလည်း ရရှိနိုင်ပါတယ်။

(၉) မိတ်ဆွေသစ်များနှင့် ခင်မင်ကျွမ်းဝင်မှုကြောင့် အတွေ့အကြုံတွေ ဝေမျှရင်း စိတ်ကြည်နူးမှုကိုရစေပါတယ်။

(၁၀) လူတွေသဘောကို လေ့လာနိုင်တာကြောင့် လူမှုပေါင်းသင်းဆက်ဆံရေး တိုးတက်လာစေနိုင်ပါတယ်။

(၁၁) ခရီးမှ ပြန်ရောက်ပြီးနောက် လုပ်ငန်းခွင်သို့ ပြန်ဝင်တဲ့အခါတွင်လည်း အလုပ်ထဲမှာ ပိုမိုအားစိုက်နိုင်ပြီး၊ စိတ်ဖိစီးမှုမရှိဘဲ မိမိတာဝန်ကို အတွေးသစ်ဖြင့် စီမံပုံဖော်နိုင်ပါတယ်။

(၁၂) ခရီးစဉ်တစ်လျှောက် အတွေ့အကြုံလေးများက မိမိနှင့်တကွ ခရီးဖော်ချစ်ခင်ရသူတွေအတွက် အမြဲတသသ အမှတ်တရရှိနေတော့မှာ ဖြစ်ပါတယ်။

**မှတ်ချက်။**

(က) ဥပမာ ပန်းနာရင်ကျပ်ဝေဒနာရှိသူများ၊ ဝက်ရူးပြန်ရောဂါ ရှိသူများ၊ လိပ်ခေါင်းဝေဒနာရှင်များ၊ နှလုံးရောဂါသည်များအဖို့ ခရီးမထွက်ခင် ဆရာဝန်နှင့် ကြိုတင်တိုင်ပင် ဆွေးနွေးပါ။

(ခ) ဥပမာ သွေးတိုးရောဂါ ရှိသူများ၊ ဝမ်းချုပ်တတ်သူများအဖို့ မိမိသောက်နေကျဆေးဝါးများကို လုံလုံလောက်လောက်ထည့်သွားပါ။ (ဂ) ပါဝါမျက်မှန် အမြဲတပ်ရသူများက မျက်မှန်အပိုရှိရင် ယူဆောင်သွားပါ။ (ဃ) အကယ်၍ မိမိအလည်အပတ်သွားမည့် အရပ်ဟာ တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းရောဂါ ကူးစက်တတ်သော ဒေသဖြစ်နေပါက ထိုရောဂါများမှ ကြိုတင်ကာကွယ်ထားသည့်အနေဖြင့် ဆရာဝန်နှင့်တိုင်ပင်ကာ ဆေးထိုး၊ ဆေးသောက်ပြုပါ (သို့မဟုတ်) ကာကွယ်ဆေးများ အပိုဆောင်သွားပါ။ (င) ခရီးပင်ပန်းမှုဒဏ်ခံနိုင်ဖို့နှင့် ကိုယ်ခံအားကောင်းစေဖို့အတွက် အားရှိတဲ့အစားအစာတွေစားရင်း ဗီတာမင်စီ ဆေးပြားလေးတွေမှီဝဲပါ။ (စ) နောက်ကျောဒဏ် နှင့် ခါးနာခြင်းမဖြစ်စေဖို့အတွက် ဖြစ်နိုင်ရင် ဘီးပါသော ခရီးဆောင်လက်ဆွဲအိတ်တွေကို သာသုံးပါ။ (ဆ) အလှအပကိုဦးစားပေးတဲ့ ဖိနပ်မျိုးထက်၊ မိမိခြေထောက်နှင့် သက်သောင့်သက်သာဖြစ်စေမည့် ဖိနပ်မျိုးကိုသာ ရွေးချယ်ပါ။ (ဇ) ခရီးသွားမည့် ကာလဒေသနှင့် လျော်ညီတဲ့ အဝတ်အထည်များကို ယူဆောင်သွားပါ။



## မိတ္ထီလာမူကြိုတွင် ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ၍ ကလေးငယ်များအား ဆုများချီးမြှင့်ပေးအပ်

**သာစည်၊ အောက်တိုဘာ ၂**

လူမှုဝန်ထမ်းဦးစီးဌာနမိတ္ထီလာ မူလတန်းကြိုကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ကလေးများ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပရာ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဦးသက်လေးဦးက အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာ မူလတန်းကြိုကျောင်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် မိဘဆရာများ ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးကျော်ဝင်းက အမှာစကားပြောကြားပြီးကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးဝင်း(မိဘဆရာအသင်းဥက္ကဋ္ဌ)က အသင်း၏ ကျောင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အသင်းအမှုဆောင် ဦးဝေဖြိုးက မိဘဆရာအသင်း ၂၀၁၃-၂၀၁၄ ငွေစာရင်းရှင်းတမ်းကိုဖတ်ကြားတင်ပြပြီးနောက် အမှုဆောင်ဟောင်းများ တာဝန်ပြီးဆုံးကြောင်းနှင့် အမှုဆောင်သစ်များတာဝန်ပေးအပ်ကြောင်း၊ ငွေစာရင်းရှင်းတမ်း အတည်ပြုကြောင်းတို့ကို လက်ထောက်ညွှန်ကြားရေးမှူး(စီမံ) ဦးသက်လေးဦးက ကြေညာပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မူလတန်းကြိုကျောင်း ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူကလေးငယ်များအား ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပြီး ကျောင်းမှ ကလေးငယ်များက အကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းတွင် အသက် ၃ နှစ်မှ ၅ နှစ်အကြား ကလေးငယ် ၂၅၀ ဦး ရှိကြောင်းသိရသည်။

ချမ်းသာ(မိတ္ထီလာ)

**Myanmar Book Centre**
(Supplying The World's Knowledge)

"Educational Book Fair & Special Sales"

From (1-10-2014) to (5-10-2014)

ကျင်းပမည့်နေ့ရက် ။ ။ ၁-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မှ ၅-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) အထိ။
ကျင်းပမည့်အချိန် ။ ။ နံနက် ၉:၀၀ နာရီမှ ညနေ ၆:၀၀ နာရီအထိ။
ကျင်းပမည့်နေရာ ။ ။ MBC ၏ Outlets များအားလုံး။

ရန်ကုန် ဆိုင် (၁) – အမှတ်(၅၅)၊ ဗဟိုလမ်း၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉ ၇၃၀၁ ၅၉၉၃၊ ၀၉ ၄၂၀၁ ၄၄၇၀၆၊ ၂၂၁ ၂၇၁၊ ၂၁၂ ၄၀၉
E-mail : info@myanmarbook.com, Website : www.MyanmarBook.com
ဆိုင် (၂) – အမှတ်(၅၆၁–၅၆၇)၊ အခန်း(၃)၊ မြေညီထပ်၊ MAC Tower (I)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၃၇၀ ၅၃၂၊ ၃၈၄ ၅၀၈
မန္တလေး – အခန်းအမှတ် (၁၁၀)၊ (၃)လွှာ၊ ရတနာပုံဒိုင်းမွန်းပလာဇာ၊ မန္တလေး။ ဖုန်း – ၀၉ ၇၃၀၀ ၂၆၉၈

Benefits
(၁) For all Members : 15% Discount
For all Non-Members : 10% Discount
(၂) ကျပ် ၁၀,၀၀၀ နှင့်အထက် ဝယ်ယူသူတိုင်းအား အထူးမေတ္တာလက်ဆောင်အဖြစ် Reader (၁)အုပ်ရွေးယူနိုင်မည်ဖြစ်ပါသည်။
(၃) Myanmar Book Centre ဝင်းအတွင်းရှိ Eduzone Learning Centre တွင် အသက် ၃-၇ နှစ်အတွင်းကလေးငယ်များကို Interactive White Board အသုံးပြုကာသင်ကြားမည့် Scholastic Early English Program ကို လာရောက်လေ့လာရင်း ပထမဆုံး(၁)လတွင် အခမဲ့သင်ကြားခွင့်၊ အခြားသင်တန်းသားတစ်ဦးခေါ်လာပါက ၅၀% Discount ပေးမည့်အစီအစဉ်တွင် ဦးရာလူစနစ်ဖြင့် ပါဝင်ကံစမ်းနိုင်ပါသည်။

Amazing Prices
Free Testing on Reading Grades

# ညောင်ဦးတွင် ကူးစက်မြန် အီဘိုလာရောဂါအကြောင်း ကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ညောင်ဦး၊ အောက်တိုဘာ ၁**

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ကူးစက်မြန်အီဘိုလာရောဂါအကြောင်းနှင့် ပတ်သက်၍ ပြည်သူလူထု ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်သိန်းက အီဘိုလာရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်လည်း ခက်ခဲသည့်အပြင် ရောဂါဖြစ်ပွားမှုအား ထိန်းချုပ်ရန်အလွန်ခက်ခဲသော ရောဂါဖြစ်ကြောင်း၊ အီဘိုလာဗိုင်းရပ်စ် ရောဂါပိုးရှိသော လူ၊ တိရစ္ဆာန်တို့၏ သွေး၊ ခန္ဓာကိုယ်မှထွက်ရှိသော အရည်တို့နှင့် တိုက်ရိုက်ထိတွေ့ကိုင်တွယ်ခြင်းတို့မှ ကူးစက်နိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါ ရောဂါသည် လေ၊ ရေ၊ အစားအစာတို့မှတစ်ဆင့် မကူးစက်နိုင်ကြောင်းနှင့် လတ်တလောတွင် အီဘိုလာဗိုင်းရပ်စ်ရောဂါကို ကာကွယ်ကုသရန် ဆေးမရှိသဖြင့် ပြည်သူလူထုက မိမိတို့အသိဖြင့် ရောဂါမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရန်လိုအပ်ကြောင်းနှင့် မိမိတို့ပတ်ဝန်းကျင်ကိုလည်း လက်ဆင့်ကမ်းအသိပညာပေး ဆွေးနွေးခြင်းကို ပြုလုပ်ပေးစေလိုကြောင်း ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ညောင်ဦးခရိုင်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်စုစုထွေးက အီဘိုလာရောဂါကူးစက်မှုမရှိစေရေး ကာကွယ်ရန်နည်းလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ကျန်းမာရေးအသိဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန်၊ ရောဂါပိုးရှိသူ၏ သွေးနှင့် ခန္ဓာကိုယ်မှထွက်သော အရည်များအား ကိုင်တွယ်ခြင်းမပြုကြရန်၊ ရောဂါပိုးရှိသောလူ၊ တိရစ္ဆာန်တို့ရှိသည့် နေရာများတွင် ထိတွေ့ကိုင်တွယ်ခြင်းမပြုကြရန်တို့ကို ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ညောင်ဦးမြို့အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# မြိတ်မြို့နယ်တွင် အခြေခံတိုင်းရင်းဆေးသင်တန်းဆင်းပွဲ ကျင်းပ

**မြိတ်၊ အောက်တိုဘာ ၁**




မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တစ်ကိုယ်ရေကျန်းမာရေးနှင့် မိသားစုကျန်းမာရေး အထောက်အပံ့ဖြစ်စေရန်၊ တိုင်းရင်းဆေးပညာကို ပိုမိုယုံကြည် အားထားလာစေရန်နှင့် ဆေးဘက်ဝင်အပင်များ ပြုစု ပျိုးထောင်ခြင်းနှင့် စောင့်ရှောက်ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ မြိတ်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ မြိတ်မြို့ သားဖွားသင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သော အခြေခံတိုင်းရင်းဆေးပညာ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၈ ရက် ညနေ ၄ နာရီက အဆိုပါကျောင်းတွင်ကျင်းပခဲ့သည်။

ရှေးဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီးနောက် မြိတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ရီရီက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းနည်းပြလေးဦးက သင်တန်းသူ ၅၄ ဦးအား မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းဆေးပညာ အခြေခံသဘောတရား၊ ရောဂါအလိုက်သုံးစွဲနိုင်သော ဆေးဘက်ဝင်အပင်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနသုံး ဆေးဖုံများ၊ မီးဖိုချောင်သုံး ဆေးဘက်ဝင် အပင်များနှင့် မိမိပတ်ဝန်းကျင်ရှိ ဆေးဘက်ဝင်အပင်များ၊ တိုင်းရင်းဆေးပညာဆိုင်ရာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အထွေထွေကုထုံးနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ဆင်းမ်ကတ်များ ဈေးကွက်တစ်ခု ဖြစ်ပေါ်လာ၍ မှောင်ခိုရောင်းသူ များပြားလာကာ ဖုန်းဆိုင်များရှေ့တွင် မှောင်ခိုဈေးကွက်ဖွင့် ရောင်းချ

**မန္တလေး၊ အောက်တိုဘာ ၁**

မန္တလေးမြို့ဖုန်းဈေးကွက်တွင် လူအများစိတ်အဝင်စားဆုံးဖြစ်သော တယ်လီနောဆင်းမ်ကတ်များအား စက်တင်ဘာ ၂၇ ရက်က စတင်ဖြန့်ချိရောင်းချပေးခဲ့ပြီး စက်တင်ဘာ ၂၈ ရက် ညနေပိုင်းတွင် တယ်လီနောသီးသန့်ကုမ္ပဏီအရောင်းဆိုင်ကြီးများမှအပ ကျန်မြို့တွင်း ဖုန်းအရောင်းဆိုင်များတွင် ဆင်းမ်ကတ်ပြတ်လပ်သွားသည်ဟုဆိုကာ ကျပ် ၅၀၀၀ တန်ငွေဖြည့်ကတ်နှင့် တွဲဖက်ရောင်းချခြင်း၊ တန်ဖိုးနည်း ကျပ် ၁၈၀၀၀ တန်၊ ကျပ် ၅၀၀၀၀ တန် ဟန်းဆက်များနှင့် တွဲဖက်၍ ရောင်းချခြင်းများရှိလာကြသည်။

တယ်လီနောကုမ္ပဏီအရောင်းဆိုင်ကြီးများမှ တန်းစီတိုးပြီးဝယ်ယူထားသူများကလည်း အရောင်းဆိုင်များရှေ့တွင် ခြေချင်းလိမ်ကာဖုန်းကတ်များ အထပ်လိုက်ကိုင်ကာ ငွေဖြည့်ကတ် ၃၀၀၀ တန်ပါပူးတွဲ၍ ကျပ်၁၀၀၀၀ ဖြင့် မှောင်ခိုရောင်းဝယ်နေကြကြောင်းသိရသည်။ အလားတူပင် မြန်မာ့ဆက်သွယ်ရေး ကိုယ်စားလှယ်အရောင်းဆိုင်များက ထုတ်ပိုးမှုပုံစံသစ် MPT ဆင်းမ်ကတ်များကိုလည်း စက်တင်ဘာ ၂၈ ရက်က တစ်ဆိုင်လျှင် ဆင်းမ်ကတ် ၁၀၀ ခန့်ကို ကျပ် ၁၀၀၀၀ တန်ငွေဖြည့်ကတ်ဖြင့်တွဲဖက်ရောင်းချပေးခဲ့ပြီး တန်းစီဝယ်ယူထားသူများက ၎င်းတို့ဆိုင်ဝန်းကျင်တွင် လမ်းသွားလမ်းလာများအားကျပ် ၁၈၀၀၀ ဖြင့် မှောင်ခိုဈေးကွက်ဖွင့် ရောင်းချလျက်ရှိသည်။

အူရီဒူးကုမ္ပဏီကလည်း တယ်လီနောကုမ္ပဏီနှင့်အပြိုင် မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် ဖုန်းအရောင်းဆိုင်များတွင် မိုဘိုင်းကားများဖြင့် ဆင်းမ်ကတ်တစ်ကတ် ကျပ် ၁၉၀၀ နှင့် မိုးကာအင်္ကျီ၊ သော့တွဲ၊ မန်မိုရီစတစ်၊ တီရှပ်တို့ကို ပေး၍ အပြိုင်အဆိုင်ရောင်းချပေးပြီး ဖုန်းပြောဆိုခကိုလည်းတစ်စက္ကန့် ၄၅ ပြားနှုန်းလျှော့ကာ ဈေးကွက်ပြိုင်ဆိုင်လျက်ရှိသည်။ တယ်လီနောနှင့် အူရီဒူးကုမ္ပဏီတို့မှာ နေရာအခက်အခဲကြောင့် တာဝါတိုင်များ နိုင်ငံတစ်ဝှမ်း မစိုက်ထူနိုင်သေးကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ကသာမြို့နယ်တွင် ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းစိုက်ထည့်ပွဲကျင်းပ

**ကသာ၊ အောက်တိုဘာ ၁**

ကသာခရိုင်၊ ကသာမြို့တွင် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၀ တက်ရောက်ကာ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း စိုက်ထည့်ပေးခဲ့ကြပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ငါးသယံဇာတထိန်းသိမ်းရေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့သည်။ ယခုအခါ ရေနေသယံဇာတများ ဆုတ်ယုတ်လာသဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို ထိခိုက်လာသည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း၊ အဆိုပါအန္တရာယ်ကိုတွန်းလှန်ရန် လူသားအားလုံးတွင် တာဝန်ရှိကြောင်း၊ ရေနေသယံဇာတများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**


## (၃/၂၀၁၄)ကြိမ်မြောက် အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ လုပ်ငန်း၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ စက်/ယာဉ်အဟောင်း (၃၀) စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ် ပါသည်။

ရောင်းချမည့် စက်ယန္တရားစာရင်း

| | | |
|---|---|---|
| 1. | Cat,Hitachi, Komatsu Bulldozer | (၇) စီး |
| 2. | Cat,Hitachi, Mitsubishi Hyd/Excavator | (၇) စီး |
| 3. | Kawasaki, Komatsu,Xuzhou Wheel/Clamp Loader | (၅) စီး |
| 4. | Mitsubishi, Komatsu M/Grader | (၂) စီး |
| 5. | Gallion 2.W-Road Roller | (၂) စီး |
| 6. | Xuzhou Sheepfoot Compactor | (၁) စီး |
| 7. | Bomag Combine Roller | (၁) စီး |
| 8. | Toyo Crawler Drill | (၁) စီး |
| 9. | Hino AG Truck | (၂) စီး |
| 10. | Fuso Water Bowser | (၁) စီး |
| 11. | Zwe Farm Tractor | (၁) စီး |

၂။ တင်ဒါလျှောက်လွှာနှင့်အခြားပုံစံများကို ၁၃-၁၀-၁၄ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် တစ်စုံလျှင် ကျပ် ၂၀၀၀/-ဖြင့် ဝယ်ယူပြီး စက်/ယာဉ်များကို ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာကို ၂၀-၁၀-၁၄ရက်မွန်းတည့် ၁၂:၀၀နာရီအထိသာ လက်ခံပေးပါမည်။

၄။ ယန္တရားအလုပ်ရုံဝင်း(ကျောက်ချော)၊ မန္တလေး-ပြင်ဦးလွင် လမ်းအသုံးပြုခွင့်ကောက်ခံရေး စခန်းဝင်း (Toll Gate)၊ မန္တလေးမြို့။

ဖုန်းနံပါတ်-၀၉၇၃၂၁၃၉၂၇






သွေးတိုးရောဂါရှင်များအတွက်

လေးပါးရာဇာ သွေးတိုးကျဆေးပြား

တဆဝက (စာနယ်ဇင်း)/၁၁၂/၁၂၁၃
Ph : 09-51 64 814 , 09-731 28 281 , 09-730 31 820



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALACCA HIGHWAY V.176 သင်္ဘောသည် ၃-၁၀-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL Of LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



## မြေရောင်းမည်

မိတ္ထီလာ၊ သီးကုန်း၊ ကျောက်ပန်းတောင်းလမ်းမဘေး။

မျက်နှာစာ -၁၅၀ပေ
အနောက် -၂၀၅ပေ
(အမြန်လမ်းမနဲ့နီး)

ဖုန်း-၀၉-၂၁၆၅၂၆၆၊
၀၉-၄၄၄၀၂၀၆၆၆



## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

| | |
|---|---|
| TOYOTA BELTA | - 2008 |
| 1000CC 6F/- | - 95L |
| SUZUKI CARRY | - 2005 |
| BOX TRUCK 1F/ | - 46L |

**Ph: 09-73175878, 09-73120756**

ပြည်တွင်းရေးရာ

# စိုက်ပျိုးမြေဧက ၁၀၀၀ ကျော် အကျိုးပြုသည့် ရေလှောင်ကန်တွင်းသို့ မူးမြစ် ရေများဝင်ရောက်၍ စိုက်ပျိုးရေလုံလောက်မှုရရှိ

**စစ်ကိုင်း၊ အောက်တိုဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ရှည်ကျေးရွာတွင် စိုက်ပျိုးမြေဧက ၁၀၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် ရေလှောင်ကန်ကြီးကို စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခင်မြေနိမ့်ပိုင်းဖြစ်ပေါ်နေသော အင်းကြီးအား ပြန်လည်တူးဖော်ပေးခြင်း လုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ရေလှောင်ကန်ကြီးပြီးစီး၍ မူးမြစ်ရေဝင်ရောက်လာခြင်းကြောင့် ကျေးရွာပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းကို များစွာ အထောက်အကူဖြစ်ကြောင်း သိရသည်။

"ဟိုယခင်က မြေနိမ့်ပိုင်းဖြစ်ပေါ်နေတဲ့ အင်းကြီးပါ။ ဒါကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီး ပြန်လည်တူးဖော်ပေးတာပါ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၈ နေ့ကစတင် တူးဖော်ကြပါတယ်။ ကန်ကြီးလည်းပြီးရောဗျာ မူးမြစ်ရေလျှံပြီး ဒီကန်ကြီးထဲမှာ ရေတွေအပြည့် ရရှိတော့တာပါပဲ။ တိုက်ဆိုင်လိုက်တာဗျာ တစ်ရွာလုံးကလည်း အံ့သြနေကြတာ ကန်ကြီးထဲမှာ ရေတွေပြည့်နေတာမြင်ရတော့ ကျေးရွာပြည်သူတွေဝမ်းသာနေကြတယ်။

"ကန်ရဲ့ရေဝင်ဧရိယာကတော့ ဧက ၂၀ ခန့်ရှိပါတယ်။ စိုက်ပျိုးမြေဧက ၁၀၀၀ ကျော်ကိုလည်း အကျိုးပြုပေးနိုင်ပါတယ်။ ဒီအတိုင်းဆိုရင် သုံးနှစ်လောက်တော့ ရေအတွက်မပူရဘဲ အသုံးပြုသွားနိုင်မှာပါ။ နောင်မိုးကောင်းရင်လည်း အခုလက်ရှိရေနဲ့က ဆက်သွားပြီပေါ့။



"ရေထိန်းတံခါးကိုလည်းအတတ်နိုင်ဆုံးတော့ ဆောင်ရွက်ထားပါတယ်။ ရေထိန်းတံခါးစနစ် ဒီထက်နည်းစနစ်ပိုကောင်းအောင်ဆောင်ရွက်နိုင်ရင်တော့ ပိုပြီးအဆင်ပြေတာပေါ့ဗျာ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှမြင့်က ပြောသည်။

**ဇော်မြင့်နိုင်**

## ဘုတ်ပြင်းတွင် ငှက်ဖျား ကာကွယ်ရေး၊ ကုသရေး ဆိုင်ရာ သင်တန်းဖွင့်

**ဘုတ်ပြင်း၊ အောက်တိုဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၌ ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့် ကုသရေး ဆန်းစစ်ဆွေးနွေး သင်တန်းပို့ချခြင်းကို စက်တင်ဘာ ၂၃ ရက်မှ ၂၆ ရက်အထိ ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ သင်တန်းတွင် ဘုတ်ပြင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာများမှ အခြေခံကျန်းမာရေးဝန်ထမ်း ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် WHO, MMA မှ ဆရာဝန် ဒေါက်တာဇာနည်ထွန်းနှင့် UNOPC မှ မြိတ်ခရိုင်တာဝန်ခံ ဒေါ်မြတ်မြတ်နိုင်တို့က MARC မှ RAI (Dot တိုက်ကျွေးရေး) ကြိုတင်ပြင်ဆင်ရေး ကိစ္စများအား ဆွေးနွေးပို့ချခြင်း၊ ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ အပြန်အလှန် ဆန်းစစ်ဆွေးနွေးပို့ချခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့သည်။ **ဘုတ်ပြင်း(ပြန်/ဆက်)**

# သမဝါယမလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ဂန့်ဂေါ၊ အောက်တိုဘာ ၁**

သမဝါယမလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည် သူ့သမ္မတနိုင်ငံ EXIM BANK မှချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် သမဝါယမအသင်းသားများသို့ အတိုးနှုန်း ၁ ဒသမ ၅ ကျပ်နှုန်းဖြင့် ထုတ်ချေးပေးနေရာမှ ယခုအခါတွင် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကိုထပ်မံ ချေးယူလျက် အတိုးနှုန်း ၁ ဒသမ ၀၈ ကျပ်နှုန်းဖြင့်သာ ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ် မွှေ့လယ်ရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် စက်တင်ဘာ ၂၄ ရက်ကပြုလုပ်သည့် သမဝါယမလုပ်ငန်းများရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးကိုယ်စား ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရည်က အထက်ပါအတိုင်း ထည့်သွင်းရှင်းလင်းသွားခြင်းဖြစ်သည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ချေးငွေစိစစ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိသမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ချေးငွေရရှိသည့်အတွက် လယ်ယာသုံးစက်ကိရိယာ၊ လုပ်ငန်းသုံးစက်ကိရိယာများ လွယ်လင့်တကူ ထူထောင်နိုင်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင်အကျိုးရှိမှုများကို တင်ပြဆွေးနွေးကြသည်။ **(၄၆၅)**

# တိုင်းဒေသကြီးအဆင့်သို့ သွားရောက်ယှဉ်ပြိုင်ရန် ဟသ်ာတတွင် ခရိုင်အဆင့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ကျင်းပ

**ဟသ်ာတ၊ အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်တွင် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ဟသ်ာတမြို့၊ မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အဆင့်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဘာသာရပ်အလိုက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

ၐင်းပြိုင်ပွဲပြီးပါက ဘာသာရပ်အလိုက် ဆုရရှိသူများကို ထပ်မံ၍ ကြပ်မတ်သင်ကြားပေးပြီး အောက်တိုဘာ ၁၁၊ ၁၂၊ ၁၃ ရက်များတွင် ဧရာဝတီတိုင်းဒေသကြီးအဆင့် ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဟသ်ာတမြို့နယ် ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးကိုကိုကြီးက ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ စာပေစာနယ်ဇင်းအဖွဲ့များ၊ ဟသ်ာတခရိုင် ခြောက်မြို့နယ်မှ အကဲဖြတ်ဒိုင်များ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဟသ်ာတမြို့ပေါ်ရှိ အနုပညာကိုမြတ်နိုးကြသော ဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြပြီး ပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **ကျော်ကျော်(ပြန်/ဆက်)**

## ထီးလင်းတွင် မီးတိုင် ၁၀၀၀ ကျော် စိုက်ထူမည်

**ထီးလင်း၊ အောက်တိုဘာ ၁**

